# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 October 2017 (၉၀၈၈)


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ကျိုက်ထီးရိုးရင်ပြင်တော် လမ်းဆုံသို့ ကေဘယ်လ်ယာဉ် စမ်းသပ်မောင်းနှင်

စာမျက်နှာ - ၃

ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အင်္ဂပူမော်လမ်းအား ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြီးစီးရေး ဆောင်ရွက်နေ

စာမျက်နှာ - ၈

စက်မှုလယ်ယာက ရခိုင်ပြည်နယ်၌ ရိတ်သိမ်းခြွေလှေ့ရေး ကူညီဆောင်ရွက်သွားမည်

စာမျက်နှာ - ၁၀

# (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ဧည့်ခံပွဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်



(၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ဧည့်ခံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလော့ဒ်ဒက်ဆဲလ်လီယန်တို့က အမှာစကားများပြောကြားကြပြီး ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်နှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

အဆိုပါ ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

# ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြမည်

ပြီးခဲ့သည့် ဩဂုတ်လ ၂၅ ရက်နေ့ နံနက်အစောပိုင်းမှစတင်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်တောဒေသများအား အကြမ်းဖက်တိုက်ခိုက်ခြင်းမခံရမီ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သည့် ကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အစီရင်ခံစာပေါ်ထွက်ခဲ့သည်။ အစီရင်ခံစာပေါ်ထွက်အပြီးနောက်တစ်နေ့အကူးတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းအား တိုက်ခိုက်ခံရခြင်းသည် တိုက်ဆိုင်လွန်းသည်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါအစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူနည်းစုဒေသခံတိုင်းရင်းသားပြည်သူများနှင့် အခြားဘာသာဝင်များပါ သေကျေပျက်စီးဒုက္ခရောက်ခဲ့ကြသည်။ ယင်းနောက် လူမျိုးတူ၊ ဘာသာတူ လူအများစုတို့သည် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကြပြီး မောင်တောဒေသမှ လူနည်းစုဒေသခံ တိုင်းရင်းသားများနှင့် အခြားဘာသာဝင်များသည် သင့်တင့်ရာတွင်နေထိုင် ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်သည် ယမန်နှစ်ကလည်းဖြစ်ပွားခဲ့ပြီး ထိုသို့ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်၏ ပကတိအခြေအနေများအား ကိုဖီအာနန်ကော်မရှင်က တစ်နှစ်ကြာအချိန်ယူ လေ့လာပြီးနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ရှေးရှု၍ စာမျက်နှာ ၆၃ မျက်နှာပါရှိသော ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာသည် ပကတိအခြေအနေမှန်များနှင့် အနီးစပ်ဆုံး ဆီလျော်မှုရှိနိုင်သည်။ ထို့နောက် စုံစမ်းစစ်ဆေးမှုများ၊ အစီရင်ခံစာများနှင့်အညီ ရခိုင်ပြည်နယ်အရေးကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု ကူညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများကို ကော်မတီဖွဲ့စည်းပြီး လူမျိုး၊ ဘာသာမခွဲခြားဘဲ ထိုဒေသမှ ဒုက္ခရောက်သူအားလုံး၏ အကျိုးအတွက် စီမံကိန်းပါလုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ အမှန်တကယ်တွင် အဆိုပါဖြစ်စဉ်ကို စတင်ဖန်တီးသူတို့မှာ မည်သူတို့ဖြစ်ပြီး မြန်မာနိုင်ငံအတွက် မည်မျှနစ်နာခဲ့ရသည်ကို မြန်မာနိုင်ငံသာမက ကမ္ဘာတစ်လွှားကပါ မှန်မှန်ကန်ကန်သိရှိနေကြပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် မည်သူတို့က မည်သို့ပင်ဆိုစေကာမူ စိတ်သဘောထားကြီးကြီး၊ စာနာထောက်ထားမှုရှိရှိဖြင့် ဒုက္ခရောက်သူတို့ကိုမခွဲခြားဘဲ အားလုံးအရေးအတွက် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဤနေရာတွင် ဤမြေတွင်နေ၊ ဤရေကိုသောက်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားကြသူများအရေးကို သတိကြီးကြီးဖြင့် အလေးထားဆောင်ရွက်ပေးရမည်သာဖြစ်သည်။ အကြမ်းဖက်သမားနှင့် ဒုက္ခရောက်သူအမှန်တို့ကို ဆန်ခါစိပ်စိပ်ဖြင့် ရွေးထုတ်ရမည်သာဖြစ်သည်။ မိမိနိုင်ငံကိုနောက်တစ်ကြိမ် ဤအဖြစ်ဆိုးမျိုးထပ်မံမကြုံတွေ့အောင် သတိထားကာကွယ်လုပ်ဆောင်ရမည်သာဖြစ်သည်။ ရခိုင်ပြည်နယ်အရေး လုပ်ငန်းစဉ်များတွင် ပထမလုပ်ငန်းစဉ်ဖြစ်သည့် ပြည်တွင်းရှိ နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားပေးလျက်ရှိပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားသူများကိုလည်း စနစ်တကျပြန်လည်လက်ခံနိုင်အောင် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

လက်ခံဆောင်ရွက်ရာတွင် နှစ်နိုင်ငံသဘောတူညီချက်ဖြစ်သည့် ၁၉၉၃ ခုနှစ် သဘောတူညီချက်အရ ပြန်လည်လက်ခံရန် စီစဉ်လျက်ရှိသည်။ ထိုသဘောတူညီချက်မှာ မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ် အစောပိုင်းကာလကတည်းက အလားတူအဖြစ်မျိုးများ ကြုံတွေ့ခဲ့ရပြီးဖြစ်၍ အဆိုပါမူကို သဘောတူထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မိအေး ဆယ်ခါမကနာခဲ့ရပြီးဖြစ်သည်။ ယခုလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးကြသူများမှာ ရက်ပိုင်းအတွင်းပင် သောင်းချီ၊ သိန်းချီများပြားနေသည်။ ယခု တစ်သန်းနီးပါးပင်ရှိနေပြီဟု ညာသံပေးနေကြသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်ခဲ့ကြသော လူမျိုးခြား၊ ဘာသာခြားများ စာရင်းရှိပြီးဖြစ်သည်။ ထိုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကာ လူကောင်း၊ လူဆိုး ခွဲခြားလက်ခံသွားမည်သာဖြစ်သည်။ မွန်မြတ်သောစိတ်ထား၊ မှန်ကန်သောလုပ်ဆောင်မှုများဖြင့် လူမျိုး၊ ဘာသာမခွဲခြားဘဲ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားရေးတို့ကို အလေးထားလုပ်ဆောင်သွားမည်ဖြစ်ရာ မည်သူတို့က မည်သို့ပင်ဆိုစေကာမူ ကိုယ့်အလုပ်ကိုယ်လုပ်ကြမည်သာဖြစ်သည်။ ။

# ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်မိန့်ခွန်းပြောခဲ့သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အပြာရောင်ကမ္ပည်းတပ်ဆင်



**ရန်ကုန် အောက်တိုဘာ ၂၄**

၁၉၈၈ ခုနှစ် အရေးအခင်းကာလ ဩဂုတ်၂၄ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်မိန့်ခွန်းပြောခဲ့သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ က (၁၉)ခုမြောက် သမိုင်းဝင်အထိမ်းအမှတ်အဖြစ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်သည်။

အဆိုပါ ကမ္ပည်းပြားတွင် ၁၉၀၄ -၁၉၁၁ အတွင်း တည်ဆောက်ခဲ့သည့် ယခင်ကဖယ်ယာပြတိုက်နှင့် သစ်သီးပန်းမန်ဥယျာဉ်များ တည်ရှိခဲ့ရာ မြေနေရာဖြစ်သည်။ ပင်မအဆောင်တွင် လျှပ်စစ်ပစ္စည်းနှင့်မေ့ဆေးခန်းများပါဝင်သော ခွဲစိတ်ခန်းမများ စသည့်ခေတ်မီနည်းပညာများ တပ်ဆင်ခဲ့သည်။ ၂၀ ရာစုအစောပိုင်းတွင် ရန်ကုန်ဆေးရုံကြီး၏ ဆေးဘက်ဆိုင်ရာ လေ့လာမှုများက ကမ္ဘာ့ဆေးသိပ္ပံနယ်ပယ်ကို များစွာအကျိုးပြုခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

ကမ္ပည်းပြားတပ်ဆင်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က "လူတွေရဲ့စိတ်ထဲမှာ အမွေအနှစ် ထိန်းသိမ်းရေးဆိုတာသိသွားဖို့ အဓိက လုပ်တာပါ။ အမွေအနှစ် အဆောက်အအုံနဲ့ ပတ်သက်လို့ ဂုဏ်ယူစိတ်ဖြစ်လာအောင်ဖြစ်ပါတယ်။ မြို့ပြကဆက်ပြီး ဖွံ့ဖြိုးတိုးတက်နေတာ၊ အဲဒီတော့ဖွံ့ဖြိုးမှု ဖြစ်စဉ်မှာ တချို့ဟာတွေက မသိမသာနဲ့ ပျက်စီးသွားတာမျိုးရှိတော့ ဒီလိုဟာမျိုးတွေ ရှောင်ရမယ်ဆိုတာမျိုးပေါ့။ ရန်ကုန်မြို့ရဲ့ ကျန်းမာရေးကဏ္ဍမှာ အမြဲတမ်းအရေးပါခဲ့တဲ့ အဆောက်အအုံဆိုတော့ ကျွန်မတို့ ရွေးချယ်ခဲ့တာပါ"ဟု ပြောသည်။

ရန်ကုန်မြို့၏ ပထမဆုံးပြည်သူ့ဆေးရုံကြီးမှာ ယခုတည်ရှိနေသော အဆောက်အအုံမဟုတ်ဘဲ လမ်းတစ်ဖက်ရှိ Junction City အဆောက်အအုံနေရာတွင် တည်ရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်များရောက်သောအခါတွင် လူနာဦးရေတိုးလာသောကြောင့် သစ်သီးပန်းမန်ဥယျာဉ်နှင့် ဖယ်ယာပြတိုက်တည်ရှိသော လက်ရှိနေရာသို့ ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ကြောင်း သိရသည်။ ယင်းအချိန်က ပြည်သူ့ဆောက်လုပ်ရေးဌာန အမှုဆောင်အင်ဂျင်နီယာ ဟင်နရီဟွိုင်း ဖောက်စ်ရေးဆွဲသော ဒီဇိုင်းဖြင့်ဆောက်လုပ်ခဲ့ရာ ပင်မဆောင်ကို ၁၉၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၀၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ပင်မဆောင်တွင် ထိုခေတ်က ခေတ်မီနည်းပညာများ ဖြစ်သည့် လျှပ်စစ်မီးနှင့် မေ့ဆေးခန်းများပါဝင်သည့် ခွဲစိတ်ခန်းမများကိုလည်း ထည့်သွင်း တည်ဆောက်ခဲ့ကြောင်း၊ ထို့နောက် အုပ်ချုပ်ရေးဆောင်၊ သူနာပြုဆောင်နှင့် ရေခဲတိုက်စသည်တို့ကို ထပ်မံတည်ဆောက်ခဲ့ရာ ရူပီးသိန်းလေးဆယ် ကုန်ကြခဲ့ကြောင်း သိရသည်။

ပိုမိုကျယ်ဝန်းပြီး ခုတင် ၃၄၂ လုံးဆံ့သည့် ဆေးရုံသစ်ကြီးကို ၁၉၁၁ ခုနှစ်တွင် ဖွင့်လှစ်ကာ ဆေးရုံကြီးတွင် မြန်မာနိုင်ငံ၏ ပထမဆုံးဓာတ်ခွဲခန်းကို ထားရှိခဲ့ပြီး ၂၀ ရာစု အစောပိုင်းနှစ်များတွင် ရန်ကုန်ဆေးရုံကြီး၏ ဆေးဘက်ဆိုင်ရာ လေ့လာမှုများက ကမ္ဘာ့ဆေးသိပ္ပံနယ်ပယ်ကို များစွာအကျိုးပြုခဲ့ကြောင်း၊ ဂျပန်ခေတ်အတွင်း ဆေးရုံအဆောက်အအုံများကို ဂျပန်တပ်မတော်မှ သိမ်းယူပြီးဂျပန်များအတွက် သီးသန့်အသုံးပြုရန် စီစဉ်ခဲ့ကြောင်း၊ ပြည်သူများအတွက် ဆေးရုံကိုအလံပြဘုရားလမ်းရှိ ဒိုင်အိုစီဇင်မိန်းကလေးကျောင်းသို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး စစ်အပြီးတွင် လက်ရှိဆေးရုံကြီးကို ပြန်လည်အသုံးပြုခဲ့ကြောင်း သိရသည်။

ရှေးဟောင်း အဆောက်အအုံများ နေရာများနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များ၊ သမိုင်းအဖြစ်အပျက်များကို ဖော်ပြသော ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ်အပြာရောင် ကမ္ပည်းပြားများ တပ်ဆင်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)တို့က တပ်ဆင်ခြင်းဖြစ်သည်။

အပြာရောင်ကမ္ပည်းပြားကို ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ပထမဆုံးတပ်ဆင်ခဲ့ပြီး ယနေ့ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်သည့် ကမ္ပည်းပြားအပါအဝင် စုစုပေါင်း ၁၉ ခု တပ်ဆင်ပြီးစီးပြီး ကျန်ရှိသည့် သမိုင်းဝင်အမွေအနှစ် အဆောက်အအုံများ၌ ဆက်လက်တပ်ဆင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀၊ မန္တလေး(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၅ ကျပ်

***၁၇-၁၀-၂၀၁၇ ရက်နေ့မှ ၂၃-၁၀-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၈ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၀၆ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၈ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၃. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၉၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

☆ (၇၂)ကြိမ်မြောက်မှ

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာ ဆက်ဆံရေးကော်မတီမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ်ဒက်ဆဲလ်လီယန်နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် ပိတ်ပွဲအခမ်းအနားကျင်းပ

ပေကျင်း အောက်တိုဘာ ၂၄

၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီအမျိုးသားကွန်ဂရက် ပိတ်ပွဲအခမ်းနားကို ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ဗဟိုကော်မတီအသစ်တွင် လက်ရှိသမ္မတ ရှီကျင့်ဖျင်အား ဆက်လက်ရွေးချယ်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ပါတီအနေဖြင့် ပါတီဗဟိုကော်မတီဝင်အသစ်များကိုလည်း ရွေးချယ်ခဲ့ပြီး ခေတ်သစ်ပိုးလမ်းမကြီးနှင့် ပတ်သက်၍လည်း ပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားတွင် သမ္မတရှီကျင့်ဖျင်က ပါတီအနေဖြင့် တရုတ်နိုင်ငံအား ခေတ်မီနိုင်ငံအဖြစ် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အမျိုးသားကွန်ဂရက်ကို ငါးနှစ်တစ်ကြိမ် ကျင်းပကာ (၁၉) ကြိမ်မြောက် အမျိုးသားကွန်ဂရက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၄

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



○ မြန်မာ ယူ-၁၉ မှ

အဘက်ဘက်မှ ယှဉ်ကစားနိုင်ခြင်းမရှိ၍ မြန်မာအသင်းသည် ပွဲစကတည်းက တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး ဂိုးပြတ် အနိုင်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစ ရှစ်မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် စိုးမိုးကျော်က ခေါင်းတိုက်သွင်းယူခဲ့သည်။ နောက်ပိုင်းတွင် မြန်မာအသင်းဆက်လက်ဖိကစားခဲ့သော်လည်း ဂိုးကံခေခဲ့၍ မိနစ် ၄၀ မှသာ ဂိုးထပ်ရခဲ့သည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံရရန် အားထည့်လာခဲ့ပြီး ၅၈ မိနစ်တွင် လွင်မိုးအောင်၊ ၆၉ မိနစ်တွင် စိုးမိုးကျော်တို့က ဂိုးများထပ်မံသွင်းယူပေးခဲ့သည်။ ယခုပွဲတွင် ခြေစွမ်းပြနေသည့် ကွင်းလယ်လူ မြတ်ကောင်းခန့်က ၈၁ နှင့် ၈၈ မိနစ်တို့တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ဟက်ထရစ်ရကာ မြန်မာအသင်း ခြောက်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF

✻ ကမ္ဘာ့ဖလားပြိုင်ပွဲမှ

အသင်းဝင်အရေအတွက် တိုးချဲ့ကျင်းပသွားမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အဆိုပါသက်တမ်းအလိုက် ကမ္ဘာ့ဖလားပြိုင်ပွဲများကို ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပနိုင်ရေး၊ ဖီဖာနှင့် တွဲဖက်ပြီး လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ အတူတကွ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

■

# ကျိုက်ထီးရိုးရင်ပြင်တော်လမ်းဆုံသို့ ကေဘယ်လ်ယာဉ်စမ်းသပ်မောင်းနှင်

ကျိုက်ထို အောက်တိုဘာ ၂၄

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ရသေ့တောင်၌ ကေဘယ်လ်ယာဉ်တည်ဆောက်ရေး Sky Asia ကုမ္ပဏီက အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရသေ့တောင်ကားဝင်းမှ ရင်ပြင်တော် တောင်တက်မော်တော်ယာဉ်ရပ်နားစခန်းအနီးရှိ ကေဘယ်လ်ကားဝင်းသို့ လူလေးဦးလိုက်ပါစီးနင်းနိုင်သည့် အပြာရောင်ကယ်ဘယ်လ်ယာဉ် ၄၄ စီးကို လူနှင့်ကုန်ပစ္စည်းလိုက်ပါတင်ဆောင်ခြင်းမရှိဘဲ စမ်းသပ်မောင်းနှင်ခဲ့သည်။

အဆိုပါ ကေဘယ်လ်ယာဉ်ပြေးဆွဲမှုကို ကျိုက်ထီးရိုးဘုရားပွဲတော်ကာလ ဒီဇင်ဘာလမတိုင်မီ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ဘုရားဖူးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်း သတ်မှတ်၍ နိုင်ငံခြားသားတစ်ဦးလျှင် ၁၀ ဒေါ်လာနှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပါရီရာသီဥတု ထိန်းညှိရေး သဘောတူစာချုပ်တွင် နီကာရာဂွါနိုင်ငံ ပါဝင်မည်

**မနားဂွါး အောက်တိုဘာ ၂၄**
ပါရီရာသီဥတုထိန်းညှိရေး သဘောတူစာချုပ်တွင် နီကာရာဂွါနိုင်ငံ ပါဝင်တော့မည်ဖြစ်ကြောင်း ဒုတိယသမ္မတ ရိုဆာရီယို မာရီလိုက အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပါရီရာသီဥတုထိန်းညှိရေး သဘောတူညီချက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိရေးအတွက် သက်ဆိုင်သော အဆိုပြုလွှာကို ကုလသမဂ္ဂအဖွဲ့ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း နီကာရာဂွါ သမ္မတကတော် တစ်ဦးလည်းဖြစ်သူ ဒုတိယသမ္မတ မာရီလိုက မီဒီယာသို့ ပြောကြားသည်။

**-- ကြိုတင်ကာကွယ် --**

ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ညီညီညွတ်ညွတ် လုပ်ဆောင်နိုင်မည့် နိုင်ငံတကာသဘောတူညီချက်မှာ ပါရီသဘောတူညီချက်သာလျှင်ဖြစ်ကြောင်း မာရီလိုက ပြောကြားသည်။

ပါရီသဘောတူညီချက်မှ အမေရိကန် နုတ်ထွက်မည်ဟု သမ္မတဒေါ်နယ်ထရန့်က ဇွန်လတွင် ပြောကြားခဲ့သည်။

**-- တွေ့ကြုံ --**

အမေရိကတိုက် အလယ်ပိုင်းရှိ ဆင်းရဲနွမ်းပါးသော နီကာရာဂွါနိုင်ငံသည် ဟာရီကိန်းမုန်တိုင်းဘေးကို အမြဲတစေ တွေ့ကြုံနေရသော နိုင်ငံဖြစ်သည်။ ပါရီသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ခန့်က သဘောတူညီခဲ့ကြပြီး ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရန် ရည်ရွယ်သည်။

**ရိုက်တာ။**

# အမေရိကန်နှင့် စင်ကာပူဆက်ဆံရေး မြှင့်တင်နိုင်ရေး သမ္မတ ဒေါ်နယ်ထရန့်နှင့် ဝန်ကြီးချုပ် လီရှန်လွန်း သဘောတူ

**ဝါရှင်တန် အောက်တိုဘာ ၂၄**
မြောက်ကိုရီးယားနိုင်ငံအား ဖိအားပေးနိုင်စေမည့် နည်းလမ်းများနှင့် ပတ်သက်၍ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အောက်တိုဘာ ၂၃ ရက်တွင် ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ ဆွေးနွေးခဲ့ကြောင်း၊ ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ရေးကိစ္စရပ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ပြီး သဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးပွဲသို့လည်း တက်ရောက်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



ကိုရီးယားကျွန်းဆွယ်အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြရာတွင် မြောက်ကိုရီးယားအပေါ် ဖိအားပေးရန် လိုအပ်ပုံကို သဘောတူညီခဲ့ကြသည်။ သို့ရာတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခကို စေ့စပ်ဆွေးနွေးဖြေရှင်းရန် လိုအပ်ကြောင်း၊ အမေရိကန်သည် တရုတ်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းကာ ပြဿနာကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားသည်။

**-- စီစဉ် --**

သမ္မတထရန့်သည် လာမည့်နိုဝင်ဘာလတွင် တရုတ်နိုင်ငံသို့ သွားရောက်ရန်စီစဉ်ထားသည်။ ထရန့်၏ ပထမဆုံးသော အာရှခရီးစဉ်မှာ အရေးပါပြီး တရုတ်-အမေရိကန် ဆက်ဆံရေး အနေအထားကို စောင့်ကြည့်မည်ဟု ဝန်ကြီးချုပ်လီက ပြောကြားသည်။

စင်ကာပူလေကြောင်းလိုင်းက အမေရိကန်လုပ် ဘိုးရင်းလေယာဉ် ၃၉ စင်း ဝယ်ယူရေး သဘောတူစာချုပ်ကို နှစ်နိုင်ငံခေါင်းဆောင်များ ရှေ့မှောက်တွင် တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြသည်။

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား ချေမှုန်းရေးအတွက် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့ကို စင်ကာပူက ၂၀၁၈ ခုနှစ်အထိ ဆက်လက်ထောက်ခံမည်ဟု ဝန်ကြီးချုပ်လီက ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ရိုက်တာ။**

## တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၈၀ ကို လစ်ဗျား၌ ဖမ်းဆီး

**ထရီပိုလီ အောက်တိုဘာ ၂၄**
လစ်ဗျားနိုင်ငံ အနောက်ဘက်ရှိ အက်ဂျလတ်နှင့် ဆာဘရာသာမြို့တို့တွင် ဥရောပသို့ သွားရောက်သည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၂၈၀ ကို ဖမ်းဆီးရမိကြောင်း လစ်ဗျားတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

**-- စီးနင်း --**

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု တိုက်ဖျက်ရေးဌာနမှ စုံစမ်းစစ်ဆေးရေးမှူးများသည် လစ်ဗျားစစ်ရဲအဖွဲ့နှင့် ပူးပေါင်းကာ ဆာဘရာသာမြို့ရှိ လူမှောင်ခိုစခန်းတစ်ခုကို စီးနင်းရှာဖွေခဲ့ရာ ရွှေ့ပြောင်းနေထိုင်သူ ၉၃ ဦးကိုတွေ့ရှိရကြောင်း ဆာဘရာသာမြို့ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု တိုက်ဖျက်ရေးဌာနအကြီးအကဲ ဘက်ဆမ်အယ်လ် ဂါရာဘလီက ပြောကြားသည်။

**-- ရှာဖွေတွေ့ရှိ --**

ဆာဘရာသာမြို့အနီးရှိ အက်ဂျလတ်မြို့တွင်လည်း စုံစမ်းစစ်ဆေးရေးမှူးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စစ်ဆင်ရေးဆောင်ရွက်ရာတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၈၇ ဦးကို ရှာဖွေတွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အာဖရိကနှင့် အာရှနွယ်ဖွားလူမျိုး ၂၃ မျိုးတို့ဖြစ်သော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၈၀၀၀ ကျော်တို့ကို ၎င်းတို့၏ဆန္ဒအလျောက် ယခုနှစ်အတွင်း လစ်ဗျားနိုင်ငံမှ ထွက်ခွာစေခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့(အိုင်အိုအမ်)လစ်ဗျားက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၇ ခုနှစ် ပထမခြောက်လတာကာလအတွင်း လစ်ဗျားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူဦးရေ ၉၀၀၀ နီးပါးကို ကယ်ဆယ်ပေးခဲ့ရကြောင်း လစ်ဗျားရေတပ်က အတည်ပြုပြောကြားခဲ့သည်။

**-- လူမှောင်ခိုထုတ် --**

၂၀၁၁ ခုနှစ်တွင် ကဒါဖီအစိုးရ၏ အုပ်ချုပ်မှု ပုန်ကန်ဖယ်ရှားခဲ့ပြီးနောက် လစ်ဗျားနိုင်ငံသည် မြေထဲပင်လယ်ကို ကူးဖြတ်၍ ဥရောပကမ်းခြေများသို့ သွားရောက်မည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ၏ စကြႍလမ်းတစ်ခုဖြစ်လာခဲ့သည်။ လစ်ဗျားနိုင်ငံအတွင်း လုံခြုံမှုကင်းမဲ့ခြင်းနှင့် ဝရုန်းသုန်းကား အခြေအနေများကြောင့် လူမှောင်ခိုထုတ်မှုများ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# ရှင်ကျန်းမြို့နှင့် လော့စ်အိန်ဂျလိစ်မြို့အကြား တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမည်

**ရှင်ကျန်း အောက်တိုဘာ ၂၄**
တရုတ်နိုင်ငံတောင်ပိုင်းရှိ ရှင်ကျန်းမြို့နှင့် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တို့အကြား ပထမဆုံးအကြိမ် တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမှုကို ဒီဇင်ဘာ ၇ ရက်တွင် စတင်ပြုလုပ်မည်ဖြစ်ကြောင်း အဲချိုင်းနားလေကြောင်းလိုင်းက အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။



ရှင်ကျန်းနှင့် လော့စ်အိန်ဂျလိစ်မြို့အကြား ရက်သတ္တတစ်ပတ်လျှင် လေကြောင်းခရီးစဉ် သုံးကြိမ်အသွား၊အပြန် ပျံသန်းမည်ဖြစ်သည်။ လေယာဉ်ပျံသန်းမည့် ရက်များမှာ တနင်္လာ၊ ကြာသပတေးနှင့် စနေတို့ဖြစ်ပြီး ဘိုးရင်း ၇၈၇-၉၉ အမျိုးအစားလေယာဉ်ကို အသုံးပြုကာ အသွား၊ အပြန် ပျံသန်းမည်ဖြစ်သည်။ ယင်းနှစ်မြို့ကြား လေယာဉ်ပျံသန်းချိန်မှာ ၁၂ နာရီခွဲ ကြာမြင့်မည်ဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ်ကို စီအေ ၇၆၉/၇၇၀ ဟု အမည်ပေးထားကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဖွင့်လှစ်ခဲ့သော ရှင်ကျန်း-ပေကျင်း-လော့စ်အိန်ဂျလိစ် ခရီးစဉ်ကို ယခုခရီးစဉ်ဖြင့် အဆင့်မြှင့်တင်လိုက်ခြင်းဖြစ်သည်။ ရှင်ကျန်း-လော့စ်အိန်ဂျလိစ် တိုက်ရိုက်လေကြောင်းပျံသန်းမှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံ၏ ပုလဲမြစ်ဝကျွန်းပေါ်ဒေသ၌ နေထိုင်သူခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ရေးဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်မြို့ကြီးများထဲတွင် တစ်နှစ်လျှင် တရုတ်လူမျိုးခရီးသွားဦးရေ တစ်သန်းခန့် အလည်အပတ် သွားရောက်သောမြို့ကြီးဖြစ်ကြောင်း လော့အိန်ဂျလိစ်မြို့ ခရီးသွားနှင့် ညီလာခံများဆိုင်ရာ ဘုတ်အဖွဲ့က ဇန်နဝါရီလအတွင်း ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်ခရီးသွားများ အများဆုံးသွားရောက်သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်းက တရုတ်နှင့်အမေရိကန်အကြား သွားရောက်သည့် ခရီးသွားဦးရေ ငါးသန်းကျော်ရှိသည်။

**ဆင်ဟွာ။**

# ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် လက်တစ်ကမ်းအလိုရောက်လာပြီ

**ရန်ကုန် အောက်တိုဘာ ၂၄**

ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေး ဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ် အဖွဲ့(DPN) တို့၏ ခုနစ်ကြိမ်မြောက် အစည်း အဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ဌာန(NRPC)တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဆွေးနွေးပွဲအပြီးတွင် နှစ်ဖက် ကိုယ်စားလှယ်များက ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများသိရှိလိုသည့် အချက်များ ကို ရှင်းလင်းဖြေကြားခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်မှ ဦးဇော်ဌေးနှင့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စား လှယ်အဖွဲ့ (DPN) မှ နိုင်အောင်မငေးနှင့် ဦးထွန်းဇော်တို့က သတင်းမီဒီယာများအား ဖြေကြားခဲ့မှုများကို ကောက်နုတ်ဖော်ပြအပ်ပါ သည်။



ငြိမ်းချမ်းရေးကော်မရှင်မှ ဦးဇော်ဌေး၊ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) မှ နိုင်အောင်မငေးနှင့် ဦးထွန်းဇော်တို့ကို အောက်တိုဘာ ၂၃ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

**မေး။ ။ ဒီနေ့ဆွေးနွေးမှုရလဒ်က ဘယ်လောက် အထိ တိုးတက်ကောင်းမွန်မှုရှိတယ်ဆိုတာ ပြည်သူတွေသိအောင် ချပြပေးပါ။**

နိုင်အောင်မငေး(ဖြေ)။ ။ နံပါတ် ငါးက ပြေလည်ဖို့ အခြေခံရပြီ။ နံပါတ်ခြောက် ပြေလည်သလောက်ရှိပြီ။ နံပါတ်ခုနစ် အဆုံးသတ်ဖို့ နည်းနည်းပဲကျန်တော့တယ်။ ဒီရှစ်ချက်ကိုကြည့်ရင် သုံးပုံနှစ်ပုံကျော်လာပြီ။ လက်တစ်ကမ်းအလိုရောက်လာပြီ။ ဒါကြောင့် ကျွန်တော်ပြောချင်တာက ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ငြိမ်းချမ်းရေးကော်မရှင်နဲ့ ဆွေးနွေးမှုဟာ တော်တော်လေးအားတက်ဖို့ ကောင်းတယ်။ ကျွန်တော်တို့ မျှော်လင့်ထား တဲ့ အချိန်အတိုင်းအတာ ရောက်နိုင်တော့မယ် ထင်ပါတယ်။

**မေး။ ။ ဒီနေ့ဆွေးနွေးပွဲအခြေအနေနဲ့ ရလဒ် လေးသိလိုပါတယ်။**

နိုင်အောင်မငေး(ဖြေ)။ ။ ဒီနေ့ဆွေးနွေးပွဲက မပြတ်သေးဘူး။ မနက်ဖြန်မှာဘယ်လောက် ပြတ်မလဲဆိုတာကတော့ မခန့်မှန်းနိုင်သေးဘူး။ ဆွေးနွေးနေတဲ့ အဆိုပြုချက် နံပါတ် ငါးက လည်း သိပ်ကောင်းကောင်းမပြတ်သေးဘူး။ လုံးဝမပြတ်တာတော့မဟုတ်ဘူး။ အခြေခံ သဘောတူထားတာတော့ရှိတယ်။ အခုက နံပါတ် ခုနစ်အထိပဲရောက်သေးတယ်။

**မေး။ ။ ဒီနေ့ဆွေးနွေးတဲ့အပေါ် ဘယ်လို မြင်သလဲ။**

ဦးထွန်းဇော်(ဖြေ)။ ။ ဒီနေ့ကနံပါတ် ငါးကနေ စဆွေးနွေးတယ်။ တစ်ကနေလေးအထိက ဆဋ္ဌမအကြိမ် ဆွေးနွေးပွဲမှာ ပြတ်သွားပြီ။ ငါးက မူဘောင်နဲ့ JMC နဲ့ သက်ဆိုင်နေတာ ဖြစ်တယ်။ မူဝါဒပိုင်းဆိုင်ရာမှာ တပ်နေရာ ချထားရေးအကောင်အထည်ဖော်မှု အစီအစဉ် တွေမှာ ခေါင်းစဉ်တွေကရှိသေးတော့ တပ်ပိုင်း ဆိုင်ရာက တာဝန်ရှိသူတွေ ပါဝင်ပြီးတော့ Joint Section ပုံစံမျိုးနဲ့ လုပ်မယ်ဆိုပြီး အဆိုပြုတာရှိမယ်။ ဒီတစ်ကြိမ်မှာတော့ Joint Section ပုံစံမျိုးနဲ့လုပ်ဖို့ အစိုးရ၊ တပ်မတော်ဘက်က အဆင်သင့်မဖြစ်သေး ဘူး။ ကျွန်တော်တို့ဘက်ကလည်း ဒါကို အချိန် ထပ်ညှိဖို့လိုမယ်။ ကျွန်တော်တို့ဘက်က ဆွေးနွေးမယ့်အစီအစဉ်နဲ့ ခေါင်းစဉ်တွေတော့ ပေးထားပြီးဖြစ်တယ်။ ငါးကို ကျွန်တော်တို့ ဆွေးနွေးတယ်။ ခြောက်ပြီးတော့ ခုနစ်ရောက် တယ်။ မနက်ဖန်ဆက်ညှိရပါမယ်။ ဒီနေ့ ဆွေးနွေးမှုကတော်တော်လေးတော့ အချို့ အစိတ်အပိုင်းတွေကို ကျေကျေလည်လည် ဆွေးနွေးနိုင်တယ်။ နှစ်ဖက်နားလည်မှု မတူညီ နိုင်သေးတာကိုတူညီနိုင်အောင် ညှိနှိုင်းတယ် လို့တော့ ပြောလို့ရပါတယ်။ အချက် ရှစ်ချက် မှာဘယ်နှချက် ကျန်နေသေးတယ်လို့တော့ ယတိပြတ်ပြောလို့မရပါဘူး။ နောက်တစ်ရက် မှာဆွေးနွေးဖို့ ကျန်ပါသေးတယ်။

**မေး။ ။ အခက်အခဲရှိတဲ့ အချက်က ဘယ်အချက်လဲ။**

ဦးဇော်ဌေး(ဖြေ)။ ။ ဘယ်အချက်က ခက်တယ် ပြောမရဘူး။ အခုကျွန်တော်တို့ သွားနေတာ DPN နဲ့ သွားနေတာ။ အဲဒီမှာ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ အကောင် အထည်ဖော်တဲ့ နေရာမှာလည်း သူတို့က သုံးသပ်တယ်။ ကျွန်တော်တို့ အစိုးရပိုင်းမှာ လည်း ပြီးခဲ့တဲ့ NCA (၂) နှစ်မြောက် နှစ်ပတ်

**ကျွန်တော်ပြောချင်တာက ငြိမ်းချမ်းရေးဖြစ်စဉ် အတွက် ငြိမ်းချမ်းရေးကော်မရှင်နဲ့ ဆွေးနွေးမှုဟာ တော်တော်လေး အားတက်ဖို့ကောင်းတယ်။ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ အချိန်အတိုင်းအတာ ရောက်နိုင်တော့မယ် ထင်ပါတယ်။**

လည်နေ့ အောက်တိုဘာ ၁၅ ရက်အပြီး ၁၆ ရက်မှာ PPST ခေါင်းဆောင်တွေနဲ့ အတိုင်ပင်ခံနဲ့တွေ့တယ်။ တွေ့တဲ့အချိန်မှာ လည်း NCA အကောင်အထည်ဖော်တဲ့ နေရာမှာ နှစ်ဖက်စလုံးကနေပြီးတော့ လိုအပ်ချက်တွေကို ပြန်သုံးသပ်ဖို့ရှိတယ်။ အခုလာမယ့် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်တွေမှာ NCA လက်မှတ်ထိုးပြီးသားအဖွဲ့ တွေနဲ့ လုပ်မယ်။

ဆိုလိုတာက ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် နှစ်ပိုင်းရှိတယ်။ တစ်ပိုင်း က အပစ်အခတ်ရပ်စဲရေးနဲ့ တစ်ပိုင်းက နိုင်ငံရေးဆွေးနွေးမှု။ နှစ်ခုလုံးက ပထမဆုံး အတွေ့အကြုံပဲ၊ စိတ်ကူးနဲ့မှန်းပြီး ရေးခဲ့တဲ့ ToR တွေ CoC တွေရှိတယ်။ ဒါတွေကို လက်တွေ့ အကောင်အထည်ဖော်တဲ့နေရာမှာ သဟဇာတမဖြစ်တာတွေရှိတယ်။ အချို့ဟာ တွေကျတော့ နိုင်ငံရေးဆွေးနွေးတဲ့အခါမှာToR အတိုင်းဖြစ်ချင်မှ ဖြစ်သွားတယ်။ အချိန်နဲ့ အမျှ ပြန်ပြင်ဆင်ရမှာတွေရှိတယ်။ DPN နဲ့ ပထမတောင်းဆိုချက် ရှစ်ချက်ကိုဆွေးနွေး တယ်။ အဲဒီရှစ်ချက်သဘောတူရင် NCA ကို အချက်ကိုးအနေနဲ့ လက်မှတ်ထိုးမယ်။ အဲဒီအချက်ကိုးချက်ကို ကြိမ်ဖန်များစွာ ဆွေးနွေးတယ်။ မူအားဖြင့် သဘောတူတဲ့ အနေအထားတွေ ရောက်ခဲ့တယ်။ မူပြီးတော့ အသေးစိတ်ပြန်သွားတဲ့အခါ လက်မှတ်မထိုးခင် မှာအကြိတ်အနယ် သူ့ဘက်ကိုယ့်ဘက် စိုးရိမ်မှုတွေကို အကျေအလည်ဆွေးနွေးတဲ့ အတွက် ဒီဆွေးနွေးမှုတွေက အမှန်တကယ် လိုအပ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ကျေကျေလည်လည်ရှိထားမှ တကယ် လက်တွေ့ဝင်လာတဲ့အချိန်မှာ အဆင်ပြေမှာ ပေါ့။ အဲဒီအပေါ်မှာလည်း ကျွန်တော်တို့ အချိန်ယူနေတာ ဖြစ်ပါတယ်။

**မေး။ ။ နှစ်ဖက်အခက်အခဲနဲ့ မူဝါဒ အခက် အခဲကို ပြောပေးပါ။**

ဦးဇော်ဌေး(ဖြေ)။ ။ ကျွန်တော်တို့ အစိုးရပိုင်း မှာကျတော့ နှစ်ပိုင်းရှိပါတယ်။ NCA ထိုးပြီးသား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ရှိတယ်။ ညှိနေတဲ့ UNFC အဖွဲ့တွေ ရှိတယ်။ ဘာကိုမျှော်လင့်ရလဲဆိုတော့ NCA လက်မှတ် ထိုးပြီးသားအဖွဲ့တွေရဲ့ သဘောထားကို ထည့်သွင်းစဉ်းစားလုပ်ရတယ်။ နိုင်ငံတကာ ပါဝင်မှုဆိုတဲ့သဘောထားကို ကျွန်တော်တို့ JICM အစည်းအဝေးမှာ ဆွေးနွေးဖို့ လျာထားတယ်။ Review မှာလည်း ဒါတွေကို အကောင်အထည်ဖော်ဖို့ ပါပါတယ်။ ပေါ်လစီ ပိုင်းမှာတော့ တပ်ရဲ့သဘော၊ အစိုးရရဲ့ သဘောက အခုသွားနေတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ဟာ NCA ကိုအခြေခံတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ဖြစ်နေတယ်။ ဒါကိုလည်း အတိအလင်း ကြေညာထားပြီးသားပါ။ NCA ကိုအခြေခံပြီး သွားနေတဲ့အတွက် NCA ကို သွေဖည်ဖို့ တော်တော်လေးခက်တယ်။ NCA ကိုလည်း သွေဖည်ကျော်လွန်ခြင်းမရှိဘူး။ တစ်ဖက်မှာ လည်း DPN ရဲ့ စိုးရိမ်စိတ်ကို ဖြေဖျောက်နေ ရတဲ့ အနေအထားလေးရှိတာပေါ့။ တိတိပပ သဘောတူညီချက်တွေ လိုချင်တဲ့အခါ NCA ကို ကျော်လွန်သွားတာမျိုးမဖြစ်အောင်၊ ချိုးဖောက်ရာမဖြစ်အောင် လုပ်နေရလို့ ကြန့်ကြာနေတယ်လို့ ပြောချင်ပါတယ်။ အားလုံးက ငြိမ်းချမ်းရေးဖြစ်စဉ်ကို အတူတကွ ကြိုးစားနေပါတယ်။ အဓိကသွားနေတာက အားလုံးလိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီကို သွားနေတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ တော့ အောင်မြင်မယ်လို့ ယူဆပါတယ်။

မေး။ ။ ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က တောင်းဆို ထားတဲ့ အချက်ရှစ်ချက်အပေါ် အလျှော့ အတင်းလုပ်ဖို့ရှိလား။

ဦးထွန်းဇော် (ဖြေ)။ ။ UNFC ဘက်က တရားသေကိုင်ထားတာ ဘာတစ်ခုမှမရှိဘူး။ ဆဋ္ဌမအကြိမ်မှာ တစ်ကနေလေးအထိ ပြီးပြတ် တယ်ဆိုတာလည်း UNFC လိုချင်တဲ့အတိုင်း ရာနှုန်းပြည့်ရထားတာမဟုတ်ဘူး။ ကျွန်တော် တို့ဘက်က အဆိုပြုချက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကဖြေလျှော့မှုတွေ အများ ကြီး လုပ်ထားပါတယ်။ အလျှော့အတင်းက ဘက်နှစ်ဖက်လုပ်မှ အဆင်ပြေမှာပါ။ တစ်ဖက်တည်းလျှော့နေလို့မရဘူး။ အခု ငါးကနေ ရှစ်အထိလည်း နှစ်ဖက် သူလျှော့ ကိုယ်လျှော့ မျှခြေတစ်ခုရောက်ရမယ်။ အဲဒီ လို မျှခြေရှိရင်တော့ ကောင်းမွန်တဲ့ ဦးတည် ချက်တစ်ခုကို ရနိုင်ပါတယ်။

**(ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

## မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲကျင်းပ

**ရသေ့တောင် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှု (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေး အပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် မြို့နယ်ကော်မတီဝင်တစ်ဦးက ကျေးရွာကော်မတီဖွဲ့စည်းရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ယခင်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၃၀ ခန့်အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူ များ ဆင်းရဲနွမ်းပါးမှုလျော့ပါးစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျေးရွာ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀ မတည်ပေး၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်အတွက် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာလေးရွာအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀ စီဖြင့် ငွေကျပ်သိန်း ၁၂၀ ကို မြစိမ်းရောင်ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ ကော်မတီဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
အောက်တိုဘာ ၂၅၊ ၂၀၁၇

# ငြိမ်းချမ်းသာယာဝပြောစေရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၂၄**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပရာ ဘာသာပေါင်းစုံမှ ပြည်သူ ထောင်ချီတက်ရောက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ ညနေ ၆ နာရီတွင် ဘာသာပေါင်းစုံမှ အမျိုးသမီး ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးဖယောင်းတိုင်ထွန်းညှိ၍ အဆိုပါအခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့၊ အစ္စလာမ်ဘာသာအဖွဲ့၊ ဟိန္ဒူဘာသာအဖွဲ့၊ မဟာယန ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယန်ဘာသာအဖွဲ့တို့က ငြိမ်းချမ်းရေးအတွက် သက်ဆိုင်ရာဘာသာအလိုက် ဆုတောင်းမေတ္တာပို့သကြပြီး ဓမ္မတေးများ သီဆိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် “ကျွန်တော်တို့အားလုံးရဲ့စိတ်ထဲမှာ နိုင်ငံတော်ကြီး ငြိမ်းချမ်းဖို့၊ အေးချမ်းသာယာဖို့အတွက် ခိုင်မာတဲ့ယုံကြည်ချက်တွေရှိနေရင် ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ရောက်ရှိမှာဖြစ်ပါတယ်။

ဒီလိုရောက်ရှိနိုင်ဖို့အတွက် ကျွန်တော်တို့အားလုံး ညီညွတ်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ ရင်ထဲမှာ ကောင်းမြတ်တဲ့ မေတ္တာတရားနဲ့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ ဒီအတွက် ဒီနေရာမှာ တူညီတဲ့စိတ်ဓာတ်နဲ့ တူညီတဲ့ဆန္ဒတွေ၊ တူညီတဲ့ မေတ္တာတရားတွေနဲ့ စုစည်းရောက်ရှိနေကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ယုံကြည်မှုတွေ၊ မေတ္တာတရားတွေ၊ ခိုင်မြဲတဲ့လက်တွေနဲ့ နိုင်ငံတော်ကြီး တည်ဆောက်ကြပါစို့။ ကျွန်တော်တို့ရဲ့ ယနေ့စုစည်းနေတဲ့ စိတ်ဓာတ်ခွန်အားတွေ၊ ရှေ့အနာဂတ်အတွက် မျှော်လင့်ချက်တွေ၊ ကျွန်တော်တို့ မျှော်လင့်နေတဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ကြိုးစားရုန်းကန်ကြပါစို့”ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးညဏ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်) အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ပြည်သူငါးထောင်ကျော် တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် သံပြိုင်ဆုတောင်းမေတ္တာပို့သကြသည်။

အဆိုပါဆုတောင်းပွဲတွင်ပါဝင်သူ မရမ်းကုန်းမြို့နယ်မှ အစ္စလာမ်ဘာသာဝင် မထက်ရတနာကျော်က “ကျွန်မ ငြိမ်းချမ်းရေးကို လိုလားတယ်။ ဒါကြောင့် ဒီပွဲမှာ အစ္စလာမ်ဘာသာအနေနဲ့ ငြိမ်းချမ်းရေးဆုတောင်းပွဲအတွက် ဖယောင်းတိုင် ထွန်းညှိပေးခဲ့တယ်။ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမတွေ တစ်နေရာတည်းမှာ အတူတကွ စည်းစည်းလုံးလုံးနဲ့ တွေ့မြင်ရတာဟာ အင်မတန်ကြည်နူးစရာ ကောင်းပါတယ်။ အခုလို ဆုတောင်းပွဲတွေလုပ်ခြင်းအားဖြင့် ဘာသာပေါင်းစုံ ညီအစ်ကို မောင်နှမတွေအနေနဲ့ အရင်ကထက်ပိုပြီး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိလာနိုင်ပါတယ်။

ယုံကြည်ချက်နဲ့ ပြည်သူတွေ စုပေါင်းပြီး ပြုလုပ်တဲ့ ဆုတောင်းပွဲဖြစ်တာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ကောင်းရရှိလာမယ်လို့ မြင်ပါတယ်”ဟု ပြောသည်။

အလားတူ ဆုတောင်းပွဲတွင် ပါဝင်သူ သာကေတမြို့နယ်မှ ဦးမြင့်ဦးက “ဒီလို ဆုတောင်းပွဲတွေလုပ်တာ ကောင်းပါတယ်။ ဒီလိုဆုတောင်းပွဲတွေကနေ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လောက်လိုလားတယ်ဆိုတာကို သိနိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် အတူတူဆုတောင်းမှုတွေလုပ်ရတော့ တစ်ယောက်ရဲ့ ခံစားမှု၊ လိုလားတောင်းတမှုတွေကိုလည်း သိရှိနိုင်သလို ရင်းနှီးမှုတွေလည်း ပိုမိုရရှိလာပါတယ်။ ဒီလိုဆုတောင်းပွဲတွေကနေတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိလာမယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကဏ္ဍတွေအပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ အထောက်အကူတွေ အများကြီးရရှိလာမယ်လို့ ယုံကြည်ပါတယ်”ဟု ဆိုသည်။

ယနေ့ကဲ့သို့ ငြိမ်းချမ်းရေးဆုတောင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အောက်တိုဘာ ၁၀ ရက်က အောင်ဆန်းအားကစားကွင်း၌ လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင်တွင်လည်းကောင်း ကျင်းပရာ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူများ တစ်ခဲနက်တက်ရောက်ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ထို့အပြင် အောက်တိုဘာ ၃၁ ရက်တွင်လည်း ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ဆုတောင်းပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ မြို့ကြီးများတွင်လည်း ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီက အဆိုပြုချက်အများစုကို သဘောတူညီမှုရရှိပြီး နောက်ဆက်တွဲအဖြစ် ညှိနှိုင်း၍ NCA လက်မှတ်ရေးထိုးမည်

**ရန်ကုန် အောက်တိုဘာ ၂၄**
ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ်တရားဝင် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရေးအချက် အပါအဝင် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့် အချက် ကိုးချက်ကို ဆွေးနွေးသည်။

ဆွေးနွေးသည့် အဆိုပြုချက် ရှစ်ချက်အနက် အများစုကို သဘောတူညီမှုရရှိပြီးဖြစ်ကာ တောင်းဆိုထားသည့် အဆိုပြုချက် အချက်ငါးသည် တပ်ပိုင်းဆိုင်ရာကိစ္စများပါဝင်သောကြောင့် နှစ်ဖက် တပ်ပိုင်းဆိုင်ရာခေါင်းဆောင်များနှင့် ပြန်လည်ညှိနှိုင်း၍ လာမည့် နိုဝင်ဘာ ၈ ရက်တွင် သတ္တမအကြိမ် အစည်းအဝေး အဆက်အဖြစ် ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်း DPN ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်အောင်မင်းက ပြောသည်။

နိုင်အောင်မင်းက “ကျွန်တော်တို့ အဆိုပြုထားတဲ့ ရှစ်ချက်ထဲမှာ အများစုက ပြီးပြတ်မှုရှိတယ်။ မပြီးပြတ်သေးတာက တစ်ပိုင်းတစ်စပါ။ အဲဒီအထဲမှာမှ နံပါတ်ငါးပဲ အရေးကြီးပါတယ်။ အဲဒီမှာမှ စကားဖော်ပြမှု၊ အဓိပ္ပာယ်သက်မှတ်ချက်အချို့က အခက်အခဲဖြစ်နေတာပါ။ နံပါတ် ငါးမှာက ကျွန်တော်တို့ ဆွေးနွေးမှုအစီအစဉ်တွေကို ကြိုတင်ပြီးတော့ သက်မှတ်ရအောင်ဆိုတာရှိတယ်။ အဲဒီဆွေးနွေးမှု အစီအစဉ်ထဲမှာ ၁၀ ချက်ရှိပါတယ်။ ဥပမာ-ကြားကာလအစီအစဉ်တို့၊ အဓိပ္ပာယ်ဖော်ပြချက်တို့၊ ပစ်ခတ်တိုက်ခိုက်မှု တပ်ပိုင်းဆိုင်ရာCoCတို့၊ လုပ်ငန်းလမ်းညွှန် ToRတို့မှာ အသေးစိတ်ပြန်ပြီးတော့ ဆွေးနွေးကြဖို့ နှစ်ဖက်သဘောတူထားတယ်။ နံပါတ်ငါးက စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တာဝန်ရှိတဲ့သူတွေနဲ့ ကျွန်တော်တို့ ပြန်ညှိမယ်။ DPN ထဲမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်း စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ပြန်ညှိမယ်။ အဲဒါတွေပြီးရင် နိုဝင်ဘာ ၈ ရက်မှာ နိုင်ငံတော်နဲ့ ပြန်ညှိပါမယ်” ဟု ပြောသည်။

နိုဝင်ဘာ ၈ ရက်တွင် သတ္တမအကြိမ် အစည်းအဝေး နောက်ဆက်တွဲ အဖြစ်ဆွေးနွေးမည်ဖြစ်ပြီး UNFC တောင်းဆိုထားသည့် အချက်ရှစ်ချက်ကို သဘောတူညီမှုရရှိပါက နံပါတ် ကိုးအချက်ဖြစ်သည့် NCA လက်မှတ်ရေးထိုးနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“နိုဝင်ဘာလ ၈ ရက်မှာ ကျွန်တော်တို့ ဆွေးနွေးမှုပြီးပြတ်တဲ့အခါ ရှေ့ဆက်လုပ်ဖို့ အစီအစဉ်အသေးစိတ်ရှိလာမယ်။ ပြောထားတာက ရှစ်ချက်ကို ပြေလည်မယ်ဆိုရင် NCA လက်မှတ်ထိုးဖို့ အဆိုပြုချက် နံပါတ်ကိုးမှာ အတိအလင်းဖော်ပြထားတာရှိပါတယ်” ဟု နိုင်အောင်မင်းက ပြောသည်။

UNFC အနေဖြင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် နီးစပ်မှုများရှိလာနေပြီဖြစ်သော်လည်း အပစ်ရပ်စဲမှု ပိုမိုခိုင်မာစေလိုသည့် သဘောမျိုးဖြင့် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ် ဦးဇော်ဌေးက ပြောသည်။

ဦးဇော်ဌေးက “ကျွန်တော်တို့ အပစ်အခတ် ရပ်စဲတယ်။ ရပ်စဲပြီးစာချုပ်တွေ ချုပ်ပြီးတဲ့အချိန်မှာ တချို့အခက်အခဲလေးတွေ ဖြစ်တယ်။ အပစ်အခတ် ရပ်စဲတာကို ခိုင်မာအောင်လုပ်ဖို့ အဆင့်ကျတော့ လုပ်ငန်းလမ်းညွှန် ToR တို့၊ လုပ်ထုံးလုပ်နည်း SoP တို့ ဆက်လုပ်တယ်။ အဲဒီလို လုပ်တာကလည်း စိတ်ကူးနဲ့ လုပ်ရတာဖြစ်တဲ့ အတွက်ကြောင့် အချိန်နဲ့အမျှ အမြဲပြောင်းနေရတဲ့ သဘောပါ။ UNFC ဘက်ကလည်း လက်မှတ်ထိုးပြီးတာတောင် ပဋိပက္ခတွေဖြစ်နေသေးတယ်ဆိုတဲ့ အမြင်ကလည်းရှိတယ်။ ဒါက ကမ္ဘာပေါ်မှာ လုပ်သမျှ အပစ်အခတ်ရပ်စဲရေးတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိတယ်။ ဒါပေမယ့် UNFC အနေနဲ့လည်း သူတို့ ဝင်လာတဲ့အချိန် ဒါမျိုးတွေ မဖြစ်အောင် ကြိုပြီး ပြင်ဆင်ချင်တဲ့ သဘောပဲ။ ဒါကို စိုးရိမ်မှုရှိတယ်လို့ ဆိုလိုတာပါ”ဟု ပြောသည်။

NCA လက်မှတ်ရေးထိုးရန်အတွက် UNFC ၏ အဆိုပြုမှု အချက်ခြောက်ဖြစ်သည့် နှစ်ဖက်သဘောတူလက်ခံသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များပါဝင်ရေးကိစ္စတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ JMC Support platform ပုံစံဖြင့် သွားမည်ဖြစ်ကြောင်း နိုင်အောင်မင်းထံမှ သိရသည်။

နိုဝင်ဘာ ၈ ရက်တွင် လက်ရှိ တင်ပြထားသည့် ဆွေးနွေးမှု ခေါင်းစဉ်များကို ဆွေးနွေး၍ သဘောတူညီမှုရရှိပါက NCA လက်မှတ်ရေးထိုးပြီးသည်နှင့် လုပ်ငန်းအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

“တင်ပြထားတဲ့ ဆွေးနွေးမှုခေါင်းစဉ်ကို ဆွေးနွေးမယ်။ ခေါင်းစဉ်ရဲ့ အခြေခံမှုတွေကို ဘယ်လိုသဘောထားမလဲ။ လုပ်ငန်းအကောင်အထည် ဖော်တာကျတော့ NCA လက်မှတ်ထိုးပြီးမှ အကောင်အထည်ဖော်မယ်။ ဒါကြောင့် နှစ်ဖက်သဘောထား ကြိုတင်ပြီးတော့ ရယူထားတယ်”ဟု နိုင်အောင်မင်းက ပြောသည်။

DPN အနေဖြင့် တပ်မတော်၏သဘောထားကို ငြိမ်းချမ်းရေးကော်မရှင်၏ သဘောထားအဖြစ်သာ မြင်ပြီး ယခု ဆွေးနွေးပွဲရလဒ်သည် တိုးတက်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ဆွေးနွေးတာက ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ပဲ မြင်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲမှာ တပ်မတော်က ခေါင်းဆောင်လည်း ပါတယ်ဆိုတော့ ခေါင်းဆောင်ရဲ့ အပြောအဆိုအရ တပ်မတော်ရဲ့ သဘောထားလည်း ဒီထဲမှာ ပါဝင်တယ်။ တပ်မတော်ရဲ့ သဘောထားက ငြိမ်းချမ်းရေးကော်မရှင်ထဲမှာ အကျုံးဝင်နေတော့ သိပ်ပြီး တင်းမာမှု မရှိပါဘူး”ဟု နိုင်အောင်မင်းက ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် DPN တို့၏ သတ္တမအကြိမ် တရားဝင် အစည်းအဝေးသည် NCA လက်မှတ်ရေးထိုးရန် ကျော်ဖြတ်မည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဦးဇော်ဌေးက “အခုအခြေအနေက ငြင်းတဲ့ အဆင့်မဟုတ်တော့ဘူး။ ဘယ်လိုကျော်ဖြတ်မလဲဆိုပြီး နှစ်ဖက်စဉ်းစားတဲ့ အနေအထားရောက်လာပြီ။ အကောင်းဆုံးအခြေအနေပါ”ဟု သတင်းမီဒီယာများအား ဖြေကြားသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် အစည်းအဝေးအပြီးတွင် အပိုဒ်လေးပိုဒ်ပါဝင်သော ပူးတွဲသတင်းထုတ်ပြန်ချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**အဆိုပါထုတ်ပြန်ချက်တွင်**

အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ၏ အဆိုပြုချက် ကိုးချက်အပေါ် အခြေခံ၍ နှစ်ဖက်အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကျန်ရှိနေသေးသော ဆွေးနွေးညှိနှိုင်းမှု အစီအစဉ်များနှင့် ပတ်သက်၍ နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ပါသည်။

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အတူတကွ ဖော်ဆောင်သွားကြရန် သန္နိဋ္ဌာန်ပြုကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ပါရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန်အကောင်အထည်လုပ်ဆောင်နိုင်ရန်အတွက် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်ရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) သည် NCA အကောင်အထည်ဖော်မှုပြန်လည်သုံးသပ်ခြင်းကို ရန်ကုန် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**

■

# အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၈၁၃၆ ဒသမ ၈၇၅ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် အောက်တိုဘာ ၂၄**
နိုင်ငံတော်အစိုးရအနေဖြင့် ဗဟိုဘဏ်တွင် ငွေချေးယူသည့် အခြေအနေများကို တစ်စတစ်စလျှော့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပြောကြားသည်။

ယနေ့နံနက်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့တွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအခန်း (၁၄) ပုဒ်မ (၉၁)တွင် ဗဟိုဘဏ်သည် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ချေးငွေထုတ်ချေးနိုင်ပါကြောင်း၊ ထိုသို့ထုတ်ချေးရာတွင် ချေးငွေအတွက် စည်းကမ်းချက်များကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်သည် အခါအားလျော်စွာ ညှိနှိုင်းသတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေများကို အတိုးပေးသော လွှဲပြောင်းနိုင်ခွင့်ရှိသည့် အများဆုံးသက်တမ်း ၉၂ ရက်သာရှိသော အစိုးရငွေချေးသက်သေခံလက်မှတ်များဖြင့် ဝန်ကြီးဌာနက အာမခံရမည်ဟု ဖော်ပြထားပါကြောင်း။

လက်ရှိအခြေအနေများအရ မြန်မာနိုင်ငံတွင် အစိုးရသို့ ဗဟိုဘဏ်မှ လိုအပ်သည့် ငွေကြေးတစ်စိတ်တစ်ပိုင်းကို ထုတ်ချေးရန် လိုအပ်ဆဲဖြစ်ပါကြောင်း၊ ထုတ်ချေးခြင်းမပြုပါက အစိုးရယန္တရားများ လည်ပတ်မှုတွင် ကြီးစွာသော ခက်ခဲမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းကြောင့် ဥပဒေတွင် တင်းကျပ်စွာ မကန့်သတ်ထားခြင်းဖြစ်ပါကြောင်း၊ အစိုးရမှ ဘတ်ဂျက်လိုငွေအတွက် ပြည်တွင်းမှ ချေးယူငွေတွင် ဗဟိုဘဏ်မှ ငွေချေးယူမှုအချိုးအစားကို လက်ရှိအခြေအနေမှ နှစ်စဉ် ၁၀ ရာခိုင်နှုန်း လျှော့ချသွားခြင်းဖြင့် ၂၀၂၀-၂၀၂၁ တွင် အစိုးရက ဗဟိုဘဏ်မှ ငွေချေးယူရန် မလိုအပ်သည့်အခြေအနေကို ရရှိမည်ဖြစ်မည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၆၈ မဲ၊ ကန့်ကွက်မဲ ငါးမဲနှင့် ကြားနေမဲ ငါးမဲဖြင့် ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၈၁၃၆ ဒသမ ၈၇၅သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသည့် မူဝါဒအရ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနသည် ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် (၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးနိုင်ရေးအတွက် Lift Fund (Livelihoods and Food Security


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းတင်ပြနေစဉ်။

**ကမ္ဘာ့အသိုက်အဝန်းတွင် နေထိုင်သည့် တာဝန်သိနိုင်ငံဖြစ်ရန်အတွက် ပါဝင်သင့်သကဲ့သို့ မိမိနိုင်ငံအတွက်ရော အုပ်စုတွင်းနိုင်ငံများအတွက်ပါ တရားဥပဒေစိုးမိုးရေး အထောက်အကူပြုရန် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လျင်မြန်လွယ်ကူထိရောက်နိုင်**

Trust Fund)အဖွဲ့က ထောက်ပံ့မည့် ငွေကျပ် ၂၀၂၆ ဒသမ ၉၃၅ သန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း ရေးဆွဲချိန်မတိုင်မီ အရေးပေါ်ရန်ပုံငွေမှ သုံးစွဲခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇) သို့ တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပါကြောင်း။

ထိုသို့ ခွင့်ပြုသည့်သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြမည်ဖြစ်ပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေသို့ ပြန်လည်ထည့်သွင်းမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၈၁၃၆ ဒသမ ၈၇၅ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း တစ်ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း နှစ်ခုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်း တစ်ခု စုစုပေါင်း လုပ်ငန်း လေးခုတို့အတွက် ကျပ် ၂၈၁၃၆ ဒသမ ၈၇၅ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ**တို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိအခြေအနေတွင် ငွေဖောင်းပွမှုနှုန်းကို လွန်စွာမြင့်မားမှုမရှိစေရန် ငွေကြေးမူဝါဒနည်းလမ်းများအနက် အနည်းဆုံးသီးသန့် ငွေလိုအပ်ချက်အချိုး သတ်မှတ်ထားရှိခြင်းနှင့် အပ်ငွေလေလံခေါ်ယူခြင်း နည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း အခြေအနေကောင်းမွန်စေရန်၊ နိုင်ငံခြားငွေစီးထွက်မှု လျော့နည်းစေရန်နှင့် နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ တိုးတက်လာစေရန်တို့အတွက် ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှုတစ်ရပ်အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ သုံးပွင့်ဆိုင်အစည်းအဝေးများကို လစဉ်ခေါ်ယူ၍ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်နွယ်နွယ်အောင်က ဘင်းမ်စတက်အဖွဲ့တွင် ယခုစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် အကြမ်းဖက်မှုနှင့် ဆက်စပ်သော ပြစ်မှုကျူးလွန်မှုများ၊ နိုင်ငံတကာဖြတ်ကျော်၍ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ အင်တာနက်နည်းပညာသုံးကျူးလွန်သည့်ပြစ်မှုများ အပါအဝင် ပြစ်မှုကျူးလွန်မှုများကို တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုမှုကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းများကို ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အသိုက်အဝန်းတွင် နေထိုင်သည့် တာဝန်သိနိုင်ငံဖြစ်ရန်အတွက် ပါဝင်သင့်သကဲ့သို့ မိမိနိုင်ငံအတွက်ရော အုပ်စုတွင်းနိုင်ငံများအတွက်ပါ တရားဥပဒေစိုးမိုးရေး အထောက်အကူပြုရန် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် လျင်မြန်လွယ်ကူထိရောက်နိုင်ပါကြောင်း၊ အုပ်စုဝင်နိုင်ငံ ကွန်ရက်ကြီးမားလာသည်နှင့်အမျှ တရားဥပဒေ၏ လက်တံရှည်လာပြီး ဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးကို အထောက်အကူပြုစေပါကြောင်း၊ လုပ်ထုံးလုပ်နည်းစနစ် ပွင့်လင်းမြင်သာမှု၊ နည်းပညာသုံး၍ တစ်ပြေးညီဆောင်ရွက်နိုင်မှုကြောင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေနိုင်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ထုမေက ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် စတုတ္ထနေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လူမှုအခြေပြုဗဟိုဌာနတွင် ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၂၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) ၌ “လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၈ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ တနိုင်းမဲဆန္ဒနယ်အမှတ်(၂) ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ကချင်ပြည်နယ် ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လွင်မောင်သိန်း၊ ကချင်ပြည်နယ် မူးယစ်ဆေးစွဲရောဂါကုသရေးဆေးရုံမှ အထူးကုဆရာဝန်ကြီး (စိတ်ကျန်းမာရေး) ဒေါက်တာထွယ်လှ၊ စာပေပညာရှင် စာရေးဆရာမ ပုညခင်နှင့် မြစ်ကြီးနားမြို့မှ လူငယ်ကိုယ်စားလှယ် ဦးအောင်ငွေစိုးတို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

၁။ (၂၂)ကြိမ်မြောက် World Police Band Concert ချီတက်တီးခတ်ဖျော်ဖြေပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီတွင် ကျောက်တံတားမြို့နယ် ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းဆုံ၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ ဖျော်ဖြေပွဲအခမ်းအနားကျင်းပပြုလုပ်မည့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် နံနက် ၆ နာရီမှ အခမ်းအနားပြီးဆုံးမည့် နံနက် ၁၀ နာရီအထိ အောက်ဖော်ပြပါလမ်းများကို အလှည့်ကျခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်၍ မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

(က) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ၊ ရွှေဘုံသာလမ်း။
(ခ) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ၊ ဆူးလေဘုရားလမ်း။
(ဂ) ကမ်းနားလမ်းမှ ဗိုလ်ချုပ်လမ်းအထိ၊ ပန်းဆိုးတန်းလမ်း။
(ဃ) ကွန်ကရစ်လမ်းပေါ် ပန်းဆိုးတန်းလမ်းမှ စဉ့်အိုးတန်းလမ်းထိပ်အထိ။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်းအား ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြီးစီးရေး ဆောင်ရွက်နေ

တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-သန့်ဇင်ဝင်း

**ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်း ယခုအခါ နယ်မြေ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သောကြောင့် ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် လမ်း၊ တံတားများတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မောင်တောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်ဦးအား မေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**





ဦးခင်မောင်ဦး
(ဦးစီးအရာရှိ-မြို့ပြ)

**မေး။ အခုလက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးမှုအပိုင်းမှာ ဘာတွေဆောင်ရွက်နေသလဲ သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ အစိုးရအဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ကျေးလက် လမ်း၊ တံတားလုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်နေပါတယ်။ ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နောက်ပိုင်းမှာ မောင်တောခရိုင် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်(၄၆ မိုင် ၅ ဖာလုံ)မှာရှိတဲ့ လမ်းပိုင်းတွေ ပြုပြင်ခြင်း၊ ပေ ၁၀၀ အထက် တံတားတွေကို ဘေလီသံပေါင်တံတားများ တည်ဆောက်ခြင်း၊ ပေ ၅၀ အောက် တံတားတွေကို သံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်း လုပ်ငန်းတွေကို ပြည်ထောင်စုခွင့်ပြုငွေနဲ့ လက်ရှိဆောင်ရွက်နေပါတယ်။ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းပိုင်းမှာဆိုရင် ပေ ၁၅၀ တံတားတစ်စင်း၊ ပေ ၁၄၀ တံတားတစ်စင်း၊ ပေ ၁၂၀ တံတား သုံးစင်း၊ ပေ ၉၀ တံတားတစ်စင်း၊ ပေ ၆၀ တံတားတစ်စင်း၊ ပေ ၄၀ တံတားသုံးစင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ပေ ၂၀ တံတားလေးစင်း၊ ၁၀ ပေတံတားငါးစင်း စတာတွေကို ဆောင်ရွက်နေပါတယ်။

**မေး။ ဘယ်တော့လောက်ပြီးစီးမလဲဆိုတာ သိပါရစေ။**

ဖြေ။ လက်ရှိအချိန်မှာ တံတားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တံတားအုတ်ကြောင်းရှာဖွေခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ လာမယ့်အပတ်ထဲမှာ soil test လုပ်ငန်း ဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လမ်းပိုင်းအနေနဲ့ကတော့ လက်ရှိမှာ ပစ္စည်းစုဆောင်းခြင်းတွေ စတင်နေပြီဖြစ်တဲ့အတွက် လမ်းပိုင်းကို သတ်မှတ်ထားတဲ့ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အတွင်း ပြီးစီးရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မေး။ မေယုတောင်ကြောမှာ ဖောက်လုပ်နေတဲ့ လမ်းပိုင်းနဲ့ပတ်သက်ပြီးလဲ ရှင်းပြပေးပါဦး။**

ဖြေ။ မေယုတောင်ကြောလမ်းကို လမ်းအထူးအဖွဲ့(၁၇)က ဦးဆောင်ပြီးတော့ စေတီပြင်-အင်းဒင်တောင်ကျော်လမ်းနဲ့ ကြိမ်ချောင်း-ဂုတ်ပီတောင်ကျော်လမ်း နှစ်လမ်းကို ဖောက်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ဌာနက ကျေးရွာချင်းဆက်သွယ်တဲ့ လမ်းတွေဖြစ်တဲ့ မေယုတောင်ကြောလမ်းဖြစ်တဲ့ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မေး။ လမ်းလုပ်ငန်းဆောင်ရွက်မှုအပိုင်းမှာ ရာခိုင်နှုန်းဘယ်လောက်ပြီးစီးသွားပြီလဲ။**

ဖြေ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ လမ်းအပိုင်းမှာတော့ ငါးရာခိုင်နှုန်းလောက်ပဲ ဆောင်ရွက်ပြီးစီးပါသေးတယ်။ လက်ရှိမှာ ပွင့်လင်းရာသီ ရောက်လာပြီဖြစ်တဲ့အတွက် ပစ္စည်းစုဆောင်းခြင်းနဲ့ လိုအပ်တဲ့ အထောက်အပံ့လုပ်ငန်းတွေကိုပဲ ဆောင်ရွက်ထားနိုင်သေးတာဖြစ်ပါတယ်။

**မေး။ လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကရော ဘာတွေဖြစ်မလဲ။**

ဖြေ။ လက်ရှိ လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းမှာ လုံခြုံရေးအခက်အခဲပဲ နည်းနည်းရှိပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးတဲ့အချိန်မှာတော့ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်နေပါတယ်။ တခြားအခက်အခဲကတော့မရှိသလောက်ပါပဲ။

**မေး။ လမ်း၊ တံတားတည်ဆောက်ရေးမှာ အပိုင်းလိုက်တာဝန်ယူမှုတွေကို ပြောပြပေးပါဦး။**

ဖြေ။ လက်ရှိ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ အစီအမံနဲ့ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ဌာနအင်ဂျင်နီယာတွေကိုယ်တိုင် တာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။ ပေ ၁၀၀ အထက် တံတားတွေကိုတော့ တံတားအထူးအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ပြီး ပေ ၅၀ နဲ့ ပေ ၁၀၀ ကြားတံတားတွေကို ကျေးလက်တံတားအထူးအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပေ ၅၀ အောက်တံတားတွေကိုတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားမယ်ဆိုရင် ဒီဒေသဖွံ့ဖြိုးတိုးတက်မှုအပါအဝင် အကျိုးသက်ရောက်မှုတွေ ဘယ်လိုရှိလာနိုင်မလဲ သိပါရစေ။**

ဖြေ။ ဘူးသီးတောင်မြို့နယ်ဟာ စစ်တွေမြို့နဲ့ ဆက်သွယ်ရဖို့ ဒီလမ်းတစ်ခုတည်းကိုသာ အားကိုးနေရတာဖြစ်ပါတယ်။ ကျေးရွာအများစုဟာလည်း မြစ်တွေ၊ ချောင်းတွေကို ဖြတ်ပြီး သွားလာရတာ ဖြစ်တဲ့အတွက် သွားလာရေးအပိုင်းမှာ ကြန့်ကြာမှုတွေရှိပါတယ်။ လက်ရှိလုပ်နေတဲ့ လမ်းပြီးစီးသွားမယ်ဆိုရင် အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေရဲ့ ဆက်သွယ်သွားလာရေးတွေ လွယ်ကူလျင်မြန်လာမှာဖြစ်တဲ့အပြင် ကျေးရွာတွေရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ ဒေသလုံခြုံရေးကိစ္စရပ်တွေကိုလည်း ပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမှာဖြစ်တဲ့အတွက် စီးပွားရေးအခွင့်အလမ်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

**မေး။ လမ်း၊ တံတားတွေ တည်ဆောက်နေမှုမှာ ဘယ်လိုတွေပူးပေါင်းဆောင်ရွက်နေလဲဆိုတာ ရှင်းပြပါဦး။**

ဖြေ။ မောင်တောခရိုင်မှာဆိုရင် လမ်း၊ တံတားတွေနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်မှာရှိတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါဦး။**

ဖြေ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးရွာကနေ အဓိကလမ်းမကြီးတွေကို ဆက်သွယ်နိုင်တဲ့ လမ်းတွေကို ဦးစားပေးဆောင်ရွက်ပေးနေပါတယ်။ ဦးစီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၃၀ ခုနှစ်မှာ ကျေးရွာတိုင်းအားလုံး ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဖြစ်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မောင်တောခရိုင်အတွင်းရှိ လမ်းရှစ်လမ်း (မိုင်အားဖြင့် ၁၅၆ မိုင်)ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းများကိုလည်း လာမည့် သုံးနှစ်တာကာလအတွင်း ကွန်ကရစ်လမ်းများအဖြစ် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ၌ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်တွင် ရောက်ရှိနေထိုင်ကြသော အစွန်းရောက်အကြမ်းဖက်သမားအချို့၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မကြာသေးမီရက်ပိုင်းကာလများအတွင်း နိုင်ငံတကာအဖွဲ့အစည်းအချို့၊ ပြည်ပနိုင်ငံအချို့နှင့် ပြည်ပသတင်းဌာနတချို့တို့က မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားသည့် သတင်းထုတ်ပြန်မှုများနှင့် မြန်မာနိုင်ငံအပေါ် ပြစ်တင်စွပ်စွဲပြောဆိုမှုများ ရှိခဲ့ပါကြောင်း။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားအင်အား ၄၀၀၀ ခန့်က ကြိုတင်စီစဉ်ပြင်ဆင်၍ ရဲကင်းစခန်း ၃၀ နှင့် တပ်ဌာနချုပ်တစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားသုံး အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သကဲ့သို့ ယင်းဖြစ်စဉ်၏နောက်ကွယ်တွင် လွန်စွာရှုပ်ထွေးသည့် အခြေအနေများ၊ သမိုင်းနောက်ခံအကြောင်းအရာအချက်အလက်များစွာရှိသည်ကို ဦးစွာလေ့လာသိရှိရန် လိုအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့ပြင် ရခိုင်ပြည်နယ်ရှိဘင်္ဂါလီများ၏ နောက်ခံသမိုင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၈ ရက်တွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၌ ရခိုင်တိုင်းရင်းသူ မသီတာထွေးအား ဘင်္ဂါလီလေးဦးက အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ရာမှ စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် ဘင်္ဂါလီအကြမ်းဖက်သမားများက နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ရဲကင်းစခန်းသုံးခုအား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားသုံး ဝင်ရောက်တိုက်ခိုက်ခဲ့မှု၊ ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြည်ပခရီးစဉ်သွားရောက်နေသဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား သွားရောက်တွေ့ဆုံ၍ တင်ပြဆောင်ရွက်ခဲ့မှု၊ စက်တင်ဘာ ၄ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လမ်းညွှန်မှုများခံယူမှု၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေခံပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြုံတွေ့ရသည့် အခြေအနေပေါ်မူတည်၍ လက်နက်ကိုင်ပဋိပက္ခအသွင်ဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ခွဲခြားခြင်း၊ အချိုးအစားညီမျှခြင်း၊ လူသားဆန်ခြင်းသဘောတရားများကိုအခြေခံသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rule of Engagement)ကိုလည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူလူထုအပေါ် ရန်ပြုတိုက်ခိုက်လာပါက ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ၊ တရားမဝင်လူစုလူဝေးအား ဖြိုခွင်းရာတွင် တပ်မတော်က ကူညီဆောင်ရွက်ပေးရသည့်အခါ လိုက်နာရမည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားကြပ်မတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဥပဒေကိုကျော်လွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်းကသာ လိုက်နာဆောင်ရွက်ခဲ့မှု စသည်ဖြင့် ဖော်ပြထားသည်။

ယင်းထုတ်ပြန်ချက်တွင် တပ်မတော်အနေဖြင့် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားချိန်တွင် လူမျိုး၊ ဘာသာ မည်သည့်ခွဲခြားမှုမျှမရှိဘဲ အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်နေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား လုံခြုံမှုရှိသော နေရာဒေသများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ယင်းနေရပ်ရှောင်ဒုက္ခသည်များ၏ စားဝတ်နေရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်း၊ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊ နေရပ်ရှောင်ဒုက္ခသည်များအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့်ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်၊ ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် လိုအပ်သည့်နေရာများသို့အရောက်ပို့ဆောင်ပေးခြင်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း မှန်ကန်မျှတစွာ ဆောင်ရွက်ပေးရန်လိုအပ်ပြီး နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရတို့ကလည်း ယင်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေရာတွင် တပ်မတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အရေးကိစ္စတွင် လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု စသည်တို့အား အကြောင်းပြု၍ နောက်ကွယ်မှ ရည်ရွယ်ချက်ရှိစွာဖြင့် ပြုမူလုပ်ဆောင်လာမှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာသည့်အပေါ်တွင် အထူးသတိထားစောင့်ကြည့်ကာကွယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

☆ **မြန်မာနိုင်ငံမှ**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Asaduzzaman Khan၊ အမြဲတမ်းအတွင်းဝန်များ၊ ရဲချုပ်၊ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြသည်။




**မြန်မာ-ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်လာသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ဖွင့်လှစ်ခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုနှင့် လူဝင်၊ လူထွက်မှုများ စိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်လက်ခံမှုများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစသည့်ကဏ္ဍတို့တွင် အဆင့်လိုက်ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား နိုင်ငံသားစိစစ်မှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြန်လည်လက်ခံနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီချက်(၁၀)ချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။




**မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရဲမှူးချုပ် မျိုးဆွေဝင်းနှင့်** Brigadier General Abul Hasnat Mohammad Khairul Bashar **တို့ လက်မှတ်ရေးထိုးစဉ်။**

ဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် လုံခြုံရေးကဏ္ဍဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန အတွင်းဝန် Mr. Mostafa Kamal Uddin တို့ကလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices) ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကိုယ်စား နယ်ခြားစောင့်ရဲတပ်ဖွဲ့ Additional Director General, Brigadier General Abul Hasnat Mohammad Khairul Bashar တို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒီနေ့ဆွေးနွေးပွဲကတော့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ နှစ်နိုင်ငံပြဿနာတွေကို အလေးထားပြီးဆွေးနွေးခဲ့ပါတယ်

## အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ စတင်ကျင်းပခဲ့ပြီး နှစ်နိုင်ငံကြား ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ညနေ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအပြီးတွင် မြန်မာ့သတင်းစဉ်က ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့ကို အစည်းအဝေးနှင့်ပတ်သက်သည့်ရလဒ်များကို မေးမြန်းခဲ့ပါသည်။

**ဦးကျော်ဇေယျ**
**အမြဲတမ်းအတွင်းဝန်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

အဓိကကတော့ နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ အဆင့်မြင့်အရာရှိတွေ တွေ့ဆုံဆွေးနွေးတဲ့ပွဲဖြစ်ပါတယ်။ ထွက်ပြေးတိမ်းရှောင်တဲ့သူတွေကိစ္စက နည်းနည်းလေးလောက်ပဲ ဆွေးနွေးပါတယ်။ အဓိကဆွေးနွေးတာက နှစ်နိုင်ငံကြားမှာရှိတဲ့ နယ်စပ်ဆက်ဆံရေးရုံး (BLO) ဖွင့်မယ့်ကိစ္စ၊ နှစ်နိုင်ငံကြားမှာ သတင်းအချက်အလက်ဖလှယ်မှုကိစ္စတိုးမြှင့်ဖို့နဲ့ အပြန်အလှန်နားလည်မှုမြှင့်တင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ Joint working group ဖွဲ့ဖို့ အစီအစဉ်တွေလည်းပါပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဖြစ်နိုင်သမျှအားလုံးကို သူ့အဆင့်ဆင့်သွားတာပဲ အဓိကဆွေးနွေးပါတယ်။ အထူးသဖြင့် သတင်းအချက်အလက်ဖလှယ်မှုအပိုင်းမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ အဆင့်အဆင့်တွေ့ဆုံမှု၊ ယုံကြည်မှုတည်ဆောက်ဖို့ ကိစ္စတွေ အဓိကထားဆွေးနွေးပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ လက်မှတ်ရေးထိုးခဲ့တာ ၁၉၉၂ ခုနှစ်ကပါ။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေ လက်မှတ်ရေးထိုးခဲ့တဲ့၊ နောက်တစ်ခါ ၂၀၀၀ ပြည့်နှစ်မှာလည်း လဝကတွေနဲ့ ညှိနှိုင်းဆွေးနွေးခဲ့တဲ့ သဘောတူညီချက်လေးချက်ရှိတယ်။ ဒီလေးခုပေ့ါ။ ကျွန်တော်တို့ကတော့ ဒီမူလေးချက်ကိုပဲ အဓိကထား ဆွေးနွေးမှာဖြစ်ပါတယ်။

**ဦးတင်မြင့်**
**အမြဲတမ်းအတွင်းဝန်**
**ပြည်ထဲရေးဝန်ကြီးဌာန**

နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနဲ့ ထိရောက်စွာအရေးယူဆောင်ရွက်ရေးကိစ္စ၊ နောက်နှစ်နိုင်ငံ နယ်စပ်ပြဿနာတွေပေ့ါ။ နယ်စပ်ပြဿနာတွေကို ချစ်ကြည်ရင်းနှီးစွာနဲ့ ဖြေရှင်းရေးပေ့ါ။ ပြီးရင် ပြီးခဲ့တဲ့လက မြန်မာနိုင်ငံကရဲစခန်းတွေကို ARSA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုကြောင့် နေအိမ်စွန့်ခွာပြီးထွက်ပြေးသွားခဲ့ကြတဲ့ မြန်မာနိုင်ငံဘက်ကနေပြီးတော့မှ ဘင်္ဂလားဒေ့ရှ်ဘက်ကိုရောက်နေတဲ့သူတွေကို ပြန်လည်ပြီးတော့ လက်ခံရေးကိစ္စ၊ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံဟာ အိမ်နီးချင်းတွေဖြစ်တဲ့အတွက် နိုင်ငံတကာကသတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးတွဲဆောင်ရွက်ရေးအတွက် အဓိကဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲကတော့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြဿနာတွေ အလေးထားပြီးဖြေရှင်းဖို့ကိစ္စ၊ နှစ်နိုင်ငံကြားမှာဖြစ်ပေါ်နေတဲ့ သောင်းကျန်းသူတွေအပေါ်မှာ အဓိကဆွေးနွေးတာဖြစ်ပါတယ်။ နှစ်နိုင်ငံလက်ခံရေးကိစ္စတွေကတော့ နိုင်ငံတော်အဆင့်က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘယ်တော့လောက်လက်ခံမလဲဆိုတာကတော့ ကျွန်တော်တို့ မပြောနိုင်သေးပါဘူး။ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ National Verification Card မူတည်ပြီးတော့မှ ဟုတ်၊ မဟုတ် စိစစ်ပြီး လက်ခံမှာဖြစ်ပါတယ်။ ပြီးရင်လည်း ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောတွေမှာ အမှန်တကယ်နေသွားတဲ့သူတွေ ဟုတ်၊ မဟုတ်ကိုလည်း စိစစ်ရဦးမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကတော့ နှစ်နိုင်ငံကြားမှာဖြစ်ပေါ်နေတဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို နှစ်နိုင်ငံပူးပေါင်းပြီးတော့မှ ချစ်ကြည်ရင်းနှီးစွာ အလေးထားဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများကို နှစ်နိုင်ငံ ဖမ်းဆီးအရေးယူဖို့ကိစ္စတွေ၊ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်ကြားမှာ BLO ဆိုတဲ့ နှစ်နိုင်ငံဆက်ဆံရေးရုံးတွေထားရှိပြီးတော့ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်သွားမယ်ဆိုတဲ့အချက်တွေကို သဘောတူညီမှုရရှိပါတယ်။ ဒီအချက်တွေကိုလည်း နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ နယ်စပ်ဆက်ဆံရေးရုံးတွေဖွင့်ဖို့ ဆွေးနွေးထားပြီးသားပါ။ အဓိကကတော့ နယ်စပ်မြို့ဖြစ်တဲ့ မောင်တောနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာ ဖွင့်ဖို့ရှိပါတယ်။



ဦးကျော်ဇေယျ



ဦးတင်မြင့်

ထို့နောက် သတင်းစာရှင်းလင်းပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ အိမ်နီးချင်းနိုင်ငံများဖြစ်တာနဲ့အညီ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အစဉ်အလာရှိပါတယ်။ ဒီကနေ့ အလေးထားဆွေးနွေးတာကတော့ နှစ်နိုင်ငံနယ်စပ်ဒေသနဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်တိုက်ဖျက်ရေးမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့၊ နယ်စပ်ဆက်ဆံရေးရုံးလို့ခေါ်တဲ့ BLO ရုံးများ ဖွင့်လှစ်နိုင်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုတားဆီးရေးတွင် ပူးပေါင်းပါဝင်ကြမှု၊ နိုင်ငံသားစိစစ်လက်ခံရေးမှာ ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့စတဲ့ အချက်ငါးချက်ကို ဆွေးနွေးခဲ့ကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အဓိကဆွေးနွေးတာက နယ်စပ်တည်ငြိမ်အေးချမ်းရေးမှာ ပူးပေါင်းဆောင်ရွက်ကြဖို့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ အပြန်အလှန်ကူညီကြဖို့၊ နယ်စပ်ဆက်ဆံရေးရုံးဖွင့်လှစ်ဖို့၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ဖို့ စတဲ့အချက်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

**တွေ့ဆုံမေးမြန်း-ကျော်သဲအိမ်၊ ကျော်ထိုက်စိုး**
**ဓာတ်ပုံ-သုတ**

# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဘူးသီးတောင်နှင့် မောင်တောတွင် ပိုင်ရှင်မဲ့ကျွဲ/နွားများ ထိန်းကျောင်းခြင်းနှင့် ဆေးကုသခြင်းများဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၄**
မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ ကျွဲ/နွားထိန်းသိမ်းရေးစခန်း သုံးခုဖြစ်သော ပန်းတောပြင်စခန်း၊ ခုံတိုင်စခန်းနှင့် ငါးခူရစခန်းတို့ကို တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း ပိုင်ရှင်မဲ့ကျွဲ/နွားများကို စနစ်တကျထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်တို့အတွက် လုပ်ငန်းကော်မတီနှင့် မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး စခန်းတည်ရှိသည့် ကျေးရွာများမှ နွား၊ ဆိတ်များအား ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က ပန်းတောပြင်ကျေးရွာတွင် နွား ၂၇ ကောင်၊ ဆိတ် ၁၃၅ ကောင်၊ ခုံတိုင်ကျေးရွာတွင် နွား ၁၇ ကောင်၊ ဆိတ် ၉၅ ကောင်နှင့် ငါးခူရကျေးရွာတွင် နွား ၂၃ ကောင်၊ ဆိတ် ၆၈ ကောင် စုစုပေါင်းစခန်း သုံးခုတို့တွင် နွား ၆၇ ကောင်နှင့် ဆိတ် ၂၉၈ ကောင်တို့အား ဆေးကုသ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ကျွဲ/နွားများကို စနစ်တကျထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများက ပိုင်ရှင်မဲ့တိရစ္ဆာန်များအား ထိန်းသိမ်းထားနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က နွားနှင့် ဆိတ်များကို ဆေးကုသပေးလျက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ငါးခူရကျေးရွာရှိ ကျွဲနွားတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် တိရစ္ဆာန်များအား ဆေးကုသပေးနေစဉ်။
(ဓာတ်ပုံ-မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)



ပန်းတောပြင်ကျေးရွာရှိ ကျွဲနွားတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတွင် တိရစ္ဆာန်များအား ဆေးကုသပေးနေစဉ်။
(ဓာတ်ပုံ-မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)

# စက်မှုလယ်ယာက ရခိုင်ပြည်နယ်၌ ရိတ်သိမ်းခြွေလှေ့ရေးကူညီဆောင်ရွက်သွားမည်

**စစ်တွေ အောက်တိုဘာ ၂၄**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မိုးစပါးများကို အချိန်မီရိတ်သိမ်းခြွေလှေ့ ဆောင်ရွက်ပေးနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက် ၂၄ စီးကို ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ စစ်တွေမြို့သို့ အောက်တိုဘာ ၁၇ ရက်တွင် ရောက်ရှိသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်များ မောင်းနှင်ထိန်းသိမ်းမှု ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စက်မှုလယ်ယာ ဦးစီးဌာနများမှ စက်မောင်း၊ စက်ပြင် စုစုပေါင်း ၅၃ ဦးမှာလည်း စစ်တွေမြို့သို့ အောက်တိုဘာ ၂၁ ရက်တွင် ရောက်ရှိပြီး ၂၄ ရက်တွင် မောင်တောမြို့နယ်သို့ ဆက်လက်သွားရောက်ကြသည်။



ရန်ကုန်မြို့မှ ရိတ်သိမ်းခြွေလှေ့စက်များ စစ်တွေမြို့သို့ ရောက်ရှိလာစဉ်။ (ဓာတ်ပုံ-စက်မှုလယ်ယာ)

ရင့်မှည့်နေသော စပါးများ ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းစဉ်ကို နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ တွင် ရှေ့တန်းစခန်းခုနစ်ခု ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားကျေးရွာများ ပြန်လည်နေရာချထားပေးရေး မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီ ကွင်းဆင်းဆောင်ရွက်

**မောင်တော အောက်တိုဘာ ၂၄**
မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့်အဖွဲ့ဝင်များသည် ARSA အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးခဲ့သည့် မောင်တောမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာများ ပြန်လည်နေရာချထားရေးအတွက် ယနေ့တွင် မြေနေရာသစ်များသွားရောက်ရွေးချယ်တိုင်းတာပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်းရှိ သစ်တုံးနားခွဆုံကျေးရွာအုပ်စု၊ နတ်ချောင်းကျေးရွာအုပ်စု၊ ငါးရံ့ချောင်းကျေးရွာအုပ်စုများသို့ သွားရောက်ကာ ဒေသခံများပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့မှတစ်ဆင့် ရေနောက်ငါးသားကျေးရွာနှင့် သက်ကိုင်ညာကျေးရွာတို့မှ အိမ်ထောင်စု ၉၆စုအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာမီးများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခြင်ထောင်များနှင့် အဝတ်အထည်များကိုလည်းကောင်း ဒေသခံများအား ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

**(သန့်လင်းကြည်)**



# အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ကျဆုံးသွားသော ဘူးသီးတောင်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများဝင်အား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၄**
ဩဂုတ် ၂၅ ရက်ကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် ကျဆုံးသွားသော ဘူးသီးတောင်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ဝေဟင်အောင်ပရဟိတအဖွဲ့နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့မှ အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်းကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ဘူးသီးတောင်မြို့နယ် လမ်းမတော်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။



"ဒီလိုပေးရတဲ့ရည်ရွယ်ချက်က အကြမ်းဖက်ဖြစ်စဉ်မှာ သူတို့ရဲ့အသက်ကို ပဓာနမထားဘဲ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့အသက်အိုးအိမ်ကို အသက်ပေးကာကွယ်ပေးခဲ့တဲ့အတွက် သူတို့ကိုလည်း ပြန်လည်အသိအမှတ်ပြုဂုဏ်ပြုတဲ့အနေနဲ့ ထောက်ပံ့ပေးတာဖြစ်တယ်။ ဒီနေ့ ထောက်ပံ့ပေးတာကတော့ ဘူးသီးတောင်မြို့နယ်တွင်းက ကျဆုံးသွားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ့ရဲ့ မိသားစုတွေကို ထောက်ပံ့တာပါ။ မောင်တောမြို့နယ်မှ ကျဆုံးသွားတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုတွေကိုလည်း ဆက်လက်ထောက်ပံ့သွားဖို့ရှိပါတယ်" ဟု စာရေးဆရာ ဝေဟင်အောင်က ပြောသည်။

ယနေ့ ထောက်ပံ့လှူဒါန်းပွဲတွင် ဘူးသီးတောင်မြို့နယ်မှ ကျဆုံးသောရဲတပ်ဖွဲ့ဝင် ကိုးဦး၏ မိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် ဝေဟင်အောင် ပရဟိတအဖွဲ့မှ ဘူးသီးတောင်မြို့ အနောက်တံခါး လူမှုကယ်ဆယ်ရေးအဖွဲ့(WDAB)သို့ လူနာတင်ယာဉ် တစ်စီးကိုလည်း လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲကို ဝေဟင်အောင်ပရဟိတအဖွဲ့နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဘူးသီးတောင်မြို့နယ် အနောက်တံခါး လူမှုကယ်ဆယ်ရေးအဖွဲ့(WDAB)က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေး ဆုတောင်းမေတ္တာပို့သပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာရေးအတွက် စုပေါင်းမေတ္တာပို့သခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ထားသည့် 'ကြံတိုင်းအောင်' ဆုတောင်းပြည့်စေတီတော်ရင်ပြင်တွင် အောက်တိုဘာ ၂၂ ရက် ညနေ ၆ နာရီတွင် ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးနယ်မြေ ရွှေပေါက်ပင်တောရကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမာစာရ အရှင်သူမြတ်ဦးဆောင်၍ စစ်တောင်းရိပ်မွန်မိသားစုများနှင့်တကွ မြို့နယ်အတွင်းရှိ ပြည်သူများက ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် သတ္တဝါအပေါင်း အေးချမ်းတည်ငြိမ်ရေး ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**



# ကမ္ဘာလှည့်ခရီးသွားများ အပျော်စီးရေယာဉ်ဖြင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် လှည့်ပတ်

**နေပြည်တော် အောက်တိုဘာ ၂၄**

အမေရိကန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ၂၆ ဦးသည် အောက်တိုဘာ ၁၉ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ အာရ် ဗီ အနာဝက်တြာ အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်-မန္တလေး-ရေစကြို-အမြင့်ရွာ-မုံရွာ-မုထောရွာ-သင်းထောရွာ-မောက်ကတော်-ကလေးဝ-ကလေး-ကင်းတပ်-စစ်သောင်-ဖောင်းပြင်-ဟုမ္မလင်း-မော်လိုက်-ကြည်တောင်ဦး-ဖိုလ်ဝင်တောင်-ရွှေဘတောင်-မုံရွာ-ပုဂံ-ရန်ကုန်-မန္တလေး စသည့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိဒေသများသို့ သွားရောက်လည်ပတ်လျက်ရှိပြီး အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံသား ဧည့်သည် ၂၅ ဦးသည် အောက်တိုဘာ ၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ အာရ် ဗီ အနာဝက်တြာ အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်-မန္တလေး-ရေစကြို-အမြင့်ရွာ-မုံရွာ-မုထောရွာ-သင်းထောရွာ-မောက်ကတော်-ကလေးဝ-ကလေး-ကင်းတပ်-စစ်သောင်-ဖောင်းပြင်-ဟုမ္မလင်း-မော်လိုက်-ကြည်တောင်ဦး-ဖိုလ်ဝင်တောင်-ရွှေဘတောင်-မုံရွာ-ပုဂံ-ရန်ကုန်-မန္တလေး စသည့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိဒေသများသို့ သွားရောက်လည်ပတ်ခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# ဆင်း(၃)စပါးတွင် အမွှေးနံ့ပါရန် စမ်းသပ်လုပ်ဆောင်နေ

**မိုးညှင်း အောက်တိုဘာ ၂၄**

ဒေသအခေါ် ဆင်း(၃)ဟုတွင်သည့် ဆင်းဧကရီ (၃) စပါးမျိုးတွင် အမွှေးနံ့ပါရန်အတွက် မျိုးစပ်လုပ်ငန်းတစ်ခုကို စမ်းသပ်လုပ်ဆောင်နေကြောင်း မိုးညှင်းမြို့ စိုက်ပျိုးရေးသုတေသနခြံ (DAR)ဝန်ထမ်းများထံမှ သိရသည်။

"ဆင်းဧကရီ (၃)မှာ အမွှေးနံ့ပါတဲ့မျိုးရချင်လို့ မျိုးစပ်တာပါ။ စပ်တာက ဆင်းဧကရီ(၃)နဲ့ ရွှေပြည်ငွေးနဲ့ တစ်တွဲ၊ ပေါ်ဆန်းမွှေးနဲ့တစ်တွဲ၊ လုံးသွယ်မွှေးနဲ့တစ်တွဲ၊ အတွဲသုံးတွဲ စပ်ပါတယ်။ ပထမတစ်တွဲက စပ်ပြီးပြီ။ မနက်ဖြန် စစိုက်ပါမယ်။ နောက်အတွဲတွေကတော့ နောက်တစ်ပတ်မှ လုပ်ပါမယ်"ဟု သုတေသနလက်ထောက် ဦးမျိုးမင်းဆွေက ပြောသည်။

အဆိုပါစိုက်ပျိုးရေးသုတေသနခြံတွင် စပါးမျိုးများ စမ်းသပ်စိုက်ပျိုးခြင်း၊ ပဲပုပ်မျိုးများ စမ်းသပ်စိုက်ပျိုးခြင်းတို့ကို အဓိကထားလုပ်ဆောင်လျက်ရှိရာ ယခုဆင်း(၃)စပါးတွင် အမွှေးနံ့ရရန် စမ်းသပ်မှုလုပ်ဆောင်နေပြီး စမ်းသပ်ကာလ ခုနစ်နှစ်မျှ ကြာမြင့်နိုင်ကြောင်း ခြံမန်နေဂျာ သုတေသနအရာရှိတစ်ဦးက ပြောသည်။

"ကချင်ပြည်နယ်မှာ ဒီစပါးဟာ အထွက်နှုန်းကောင်းပြီး နူးညံ့ပျော့ပျောင်းတယ်။ ဈေးကွက်ထဲမှာလည်း ရောင်းအားကောင်းတယ်။ ဒါကြောင့် ဒီစပါးမျိုးထဲမှာ အမွှေးနံ့ရဖို့ ဝန်ထမ်းလူငယ်တွေက စမ်းသပ်လုပ်ဆောင်နေကြတာပါ။ စမ်းသပ်ကာလကတော့ နှစ်ရှည်ပါမယ်။ ခုနစ်နှစ်လောက်ကြာနိုင်တယ်"ဟု သုတေသနအရာရှိ ဦးမြင့်သောင်းက ဆိုသည်။

"ဒီလို အမွှေးနံ့ရအောင်မျိုးစပ်တာကို ခြံမှာ ဒီနှစ်မှ ပထမဆုံးလုပ်တာပါ။ ကျွန်တော်တို့က စာတွေ့လောက်ပဲ လေ့လာဖူးတယ်။ ဒီလုပ်ငန်းကိုလုပ်ချင်လို့ မန်နေဂျာနဲ့ ညှိနှိုင်းပြီး လုပ်ဆောင်ခဲ့ဖူးတယ်။ ဆင်းဧကရီ(၃)မှာ အမွှေးနံ့ပါတဲ့မျိုးရချင်လို့ အဓိကစပ်တာပါ။ လိုချင်တဲ့မျိုး ရချင်မှရမယ်။ ရည်ရွယ်ချက်နဲ့စပ်တာ။ စပ်မျိုးဆိုတာ ရချင်မှလည်း ရမယ်။ နှစ်ရှည်လုပ်ရတယ်။ ဒီမှာရှိတဲ့ဝန်ထမ်းတွေက မျိုးစပ်တဲ့လုပ်ငန်းလေးတစ်ခု လုပ်ဆောင်ဖူးသွားတာပေါ့"ဟု ဦးမျိုးမင်းဆွေက ဆိုသည်။

**(မင်းမင်းဦး)**

**မောင်တောမြို့နယ်အတွင်းရှိ မြို့တိုင်းရင်းသားများ မိမိတို့စိုက်ပျိုးထားသော စပါးခင်းများအား တစ်နိုင်တစ်ပိုင် ရိတ်သိမ်းနေသည်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။(မောင်တောဒေသအတွင်း စပါးရိတ်သိမ်းရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ပြည်နယ်အစိုးရက ထောက်ပံ့ပေးမည်ဖြစ်သည့်အပြင် လကုန်ပိုင်းတွင် စတင်ရိတ်သိမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်)။** (နိုင်လင်းကြည်)



# စစ်တွေမြို့တွင် တန်ဆောင်တိုင်အကြို ရခိုင်ရိုးရာဇနီးမောင်နှံ(အရုပ်ကြီး)များ စတင်လှည့်လည်

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ရိုးရာ အစဉ်အလာမပျက် တန်ဆောင်မုန်းလပြည့်နေ့၌ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များတွင် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှစတင်ကာ ရခိုင်ရိုးရာဇနီးမောင်နှံ (အရုပ်ကြီး)များဖြင့် စတင်လှည့်လည်၍ ကပြဖျော်ဖြေလျက်ရှိသည်။

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲ (ဗုဒ္ဓပူဇနိယ) ဘာသာရေးပွဲတော်ကြီးကို ရခိုင်ရိုးရာ အစဉ်အလာမပျက် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၉ နာရီတွင် ဝက်ပါကွင်းကြီး၌ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ဆရာတော် သံဃာတော်အပါး ၅၅၀ အား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ၍ ကုသိုလ်ယူသွားမည် ဖြစ်သည်။



"ကျွန်တော်တို့ တန်ဆောင်မုန်းလပြည့်နေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စစ်တွေမြို့ပေါ်မှာ အခုလို တန်ဆောင်မုန်းလပြည့်နေ့အကြို ရခိုင်ရိုးရာဇနီးမောင်နှံ(အရုပ်ကြီး)တွေနဲ့ စတင်လှည့်လည်ပြီး အလှူငွေများ ရရှိအောင် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ရခိုင်ရိုးရာဇနီးမောင်နှံ (အရုပ်ကြီး)များ လှည့်လည်ရာတွင် လုပ်အားဒါနပြု ကုသိုလ်ယူ ပါဝင်သူတစ်ဦးက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြော်ငြာအပ်ပါသည်။**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဖားကန့် |
| ၂။ | ကယားပြည်နယ် | ဒီးမော့ဆို၊ ဖရူဆို |
| ၃။ | ကရင်ပြည်နယ် | ဘုရားသုံးဆူ |
| ၄။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန်၊ ကန်ပက်လက် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ကျွန်းလှ၊ ခမ်းပတ် |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ၊ ကျွန်းစု |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊ ကျောက်ကြီး |
| ၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ ဆိပ်ဖြူ၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း၊ ငါန်းဇွန်း၊ တံတားဦး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | ကွန်ဟိန်း၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆက်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ပန်းတနော်၊ ဇလွန် |

# မြိတ်မြို့ မီနီဘဏ်ခွဲတွင် သေနတ်ပြခြိမ်းခြောက်ပြီး ငွေကျပ်သိန်း ၂၇၀ လုယူမှုဖြစ်ပွား



**မြိတ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ရသာစုံ မုန့်တိုက်ရှေ့ ကန်ဖျားလမ်းမကြီးရှိ မြိတ် KBZ မီနီဘဏ်ခွဲတွင် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လူတစ်ဦး သေနတ်ပြ ခြိမ်းခြောက်ကာ ဘဏ်မှ ငွေကျပ်သိန်း ၂၇၀ လုယူသွားကြောင်း သိရသည်။

ငွေလုယူသွားသူမှာ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားပြီး မှန်ချထား၍ သေနတ်ကိုင်ဆောင်ကာ ဘဏ်ရှိဝန်ထမ်းများအား ခြိမ်းခြောက်၍ ဘဏ်အတွင်းမှ ငွေလုယူသွားကြောင်း၊ ၎င်းသည် ဗီယက်နမ် အမျိုးအစား Wave 100 အဖြူရောင်ဆိုင်ကယ် စီးလာပြီး ဦးထုပ်အဖြူဆောင်းထားကြောင်း၊ ငွေလုယူချိန်တွင် ဘဏ်၌ မန်နေဂျာ အပါအဝင် ဝန်ထမ်းခြောက်ဦး၊ လုံခြုံရေးဝန်ထမ်း တစ်ဦး စုစုပေါင်း ခုနစ်ဦးသာရှိကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

သေနတ်ပြ ခြိမ်းခြောက်ကာ ငွေလုယူသွားသောတရားခံဖမ်းဆီးရမိရေးအတွက် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်း အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ခရိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်း၊ နယ်မြေရဲကင်း၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်/ကျေးရွာများတွင် ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတား၊ ပုလောတံတား၊ တနင်္သာရီတံတားများတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**



# မုံရွာမြို့တွင် ဆေးခန်းမန်နေဂျာနှင့် ဆရာဝန်ထံမှ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**မုံရွာ အောက်တိုဘာ ၂၄**

မုံရွာမှ မန္တလေးဘက်သို့ ဆေးခန်းမန်နေဂျာမောင်းနှင်၍ ဆရာဝန် လိုက်ပါလာသော ယာဉ်ကို သတင်းအရ မုံရွာတိုးဂိတ်တွင် တာဝန်ရှိပူးပေါင်းအဖွဲ့က အောက်တိုဘာ ၂၃ ရက်က ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ကို ကနဦး ဖမ်းမိပြီး စစ်ဆေးရာ ဆေးခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မုံရွာမြို့ ပါရဂူဆေးခန်း မန်နေဂျာရဲဝင်းနိုင်မောင်းနှင်ပြီး ပါရဂူဆေးခန်း ဆရာဝန် ဒေါက်တာအောင်အောင်ဖြိုး(ခ) ညီထွေး လိုက်ပါလာသောယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းတံခါးလက်ကိုင်ခွက်အတွင်းမှ ၈၈ နှင့် ၁ စာတန်းပါပန်းရောင်စိတ်ကြွဆေးပြား တစ်ပြား၊ ဂက်စ်မီးခြစ်တစ်လုံး၊ ဒေါက်တာအောင်အောင်ဖြိုး လွယ်ထားသော လွယ်အိတ်အတွင်းမှ ပလတ်စတစ်ဘူးဖြင့် ထည့်ထားသည့် ၈၈ နှင့် ၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၉ ပြား၊ ခဲစက္ကူအပိုင်း နှစ်ခု၊ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၄၂၄၂၀၀ ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဆက်လက်စစ်ဆေးရာ မုံရွာမြို့ သလ္လာရပ်ကွက်ရှိ ပါရဂူဆေးခန်းတွင် စိတ်ကြွဆေးပြားများ ကျန်သေးကြောင်းသိရ၍ မူးယစ်တပ်ဖွဲ့စုမှူး၏ မူးယစ်ဆေးဝါး ရှာဖွေခွင့်ဝရမ်းဖြင့် ဆေးခန်းအတွင်း ဝင်ရောက်ရှာဖွေရာ အားကစားလေ့ကျင့်ခန်းစားပွဲပေါ်မှ ကပ်ခွာအိတ်အတွင်း ထည့်ထားသော တန်ဖိုး ကျပ် ၄၇၅၀၀၀ ရှိ ၈၈ နှင့် ၁ စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၄ ပြားနှင့် အစိမ်းရောင် တစ်ပြား၊ ခဲပြား နှစ်ခု၊ ဂက်စ်မီးခြစ်တစ်လုံး၊ အအေးစုပ်ပိုက်တစ်ချောင်း၊ ရေသန့်ဘူးခွံ တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆရာဝန်နှင့် မန်နေဂျာတို့၏ ထွက်ဆိုချက်အရ အဆိုပါမူးယစ်ဆေးများကို လွန်ခဲ့သော တစ်ပတ်ခန့်က အရာတော်မြို့နယ်ဘက်မှ (၃၅)နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ သုံးစွဲရန်နှင့် ရောင်းချရန်အတွက် ဝယ်ခဲ့ပြီး သုံးစွဲရောင်းချပြီး ကျန်သောပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိ သုံးစွဲရောင်းချခဲ့သူ ရဲဝင်းနိုင်နှင့် ဒေါက်တာအောင်အောင်ဖြိုးတို့အား အရေးယူရန် အမှတ်-၈ မူးယစ်တပ်ဖွဲ့စု (မုံရွာ)က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း သစ်ဖောင်မှ တရားမဝင်သစ်တန် ၃၀၀ ကျော် ဖမ်းမိ

**ကသာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ကသာမြို့နယ် သံပရာကျေးရွာအနီး ဧရာဝတီမြစ်အတွင်း သစ်ဖောင်မှ တရားမဝင် သစ်တန် ၃၀၀ ကျော် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက်တွင် ကသာခရိုင်မှ သစ်တောဝန်ထမ်းများသည် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များလိုက်ပါလျက် သက်သေများနှင့်အတူ ကသာမြို့နယ် ဝေအောင်းနေရာတွင် သစ်ဆွဲဖောင်များ စစ်ဆေးနေစဉ် သံပရာကျေးရွာအနီး ဧရာဝတီမြစ်အတွင်း သစ်ဖောင်တွဲသုံးတွဲ ဆိုက်ကပ်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ယင်းသစ်ဖောင်တွဲသုံးတွဲအတွင်းမှ အောက်တိုဘာ ၂၃ ရက်အထိ နောက်ဆုံးဆယ်ယူရရှိသော တရားမဝင် အင်၊ ကညင် သစ်တန် ၃၀၀ ကျော်ကို ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဤကဲ့သို့ ဆောင်ရွက်ရခြင်းမှာ မကြာမီကာလအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်၊ ရှမ်းဆုံရာအနီး ချောင်းအတွင်းမှ အင်/ကညင် သစ် ၈၁ တန်ကို ဆွဲသင်္ဘောဖြင့် သယ်ဆောင်စဉ် ဖမ်းဆီးရမိခဲ့သဖြင့် ယခုလို ဆောင်ရွက်ရကြောင်း၊ အဆိုပါသစ်မှောင်ခိုပြုလုပ်သူများသည် ယခင်အချိန်က ရှွေလီ၊ မဘိမ်းသစ်ထုတ်လုပ်ရေးတွင် လုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသော သစ်တိုက်ယာဉ်ပိုင်ရှင်အချို့သည် သစ်လောကနှင့် မစိမ်းသောသူများဖြစ်ပြီး သစ်မှောင်ခိုလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်တတ်သူများဖြစ်ကြောင်း ကသာမြို့နယ်



သစ်တောဦးစီးအရာရှိက ပြောသည်။

ယခု သစ်တန် ၃၀၀ ကျော် ဖမ်းမိသည့် ပိုင်ရှင်များမှာ တင်လှိုင် အောင်မြေသာစံမြို့နယ် မန္တလေးမြို့၊ စန်းညွန့်ဝင်း ဝေဆွယ်ကျေးရွာ ကသာမြို့နယ်နေသူနှင့် စိုးမိုးသိန်း နွယ်နီကျေးရွာ ကသာမြို့နယ်နေသူတို့အား ကသာမြို့မရဲစခန်းက ဥပဒေအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရားမဝင် သယ်ဆောင်လာသော စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ တားဆီးစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာမှုကို ရေပူစစ်ဆေးရေးစခန်းတွင် အောက်တိုဘာ ၂၃ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အောက်တိုဘာ ၂၃ ရက်က မန္တလေးသို့ သွားရောက်မည့် ၁၂ ဘီးယာဉ် တစ်စီးနှင့် ခြောက်ဘီးယာဉ် တစ်စီးတို့အား ရေပူအမြဲတမ်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း ၂၇ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၉ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၉ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# ခရီးသည်တင်ယာဉ်ပေါ်မှ ကျွန်းသစ်တံခါးများ သိမ်းဆည်းရမိ

**ကျောက်တံခါး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့တွင် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲခန့်က တရားမဝင် ကျွန်းသစ်များ တင်ဆောင်လာသော ခရီးသည်ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ကျောက်တံခါးမြို့ရှိ မီးပွိုင့်အနီးတွင် သတင်းအရ ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းနေစဉ် နေပြည်တော်ဘက်မှ ဘားအံဘက်သို့ အောင်ဝင်းထွန်း (၃၉)နှစ် ပျဉ်းမနားသကြားစက်ရပ်ကွက်နေသူ မောင်းနှင်လာသော တော်ဝင်ခရီးသည်တင်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် ရေနီမြို့မှ လျှို့ဝှက်ထုပ်ပိုးကာ ဘားအံမြို့သို့ ပို့ဆောင်ရန်အတွက် တင်ဆောင်လာသော တရားမဝင် ကျွန်းသစ်တံခါးရွက်အတို၊ အရှည် ၈၆ ချပ် (သုည ဒသမ ၆၇၄၈ တန်ခန့်)အား ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းသစ်တံခါးရွက်များအား မြို့နယ်သစ်တောဦးစီးဌာနသို့ သယ်ယူကာတရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**

# ဆိုင်ကယ်စီးလာသည့် အမျိုးသားတစ်ဦးအပေါ် သစ်ကိုင်းကျိုးကျ၍ သေဆုံး

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် စကြာခြံလမ်း ပုဏ္ဏားစုရပ်ကွက်တွင် ဆိုင်ကယ်စီးလာသည့် အမျိုးသားတစ်ဦးအပေါ်သို့ အောက်တိုဘာ ၂၃ ရက် ည ၈ နာရီခန့်က သစ်ပင်ကျိုးကျ၍ သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။ သက်မောင်မောင်(၂၁)နှစ် မှော်ကန်(၄)လမ်း လိပ်ပြာကန်ရပ်ကွက် ပဲခူးမြို့နေသူသည် ပန်းလှိုင်ကျုံးရိုးတန်းမှ စကြာခြံလမ်းအတိုင်း နေအိမ်သို့ ပြန်လာစဉ် ပန်းလှိုင်ဘုန်းကြီးကျောင်းအနီးရှိ စကြာခြံလမ်းအရောက်တွင် ဆိုင်ကယ်နှင့် လူအပေါ် တည့်တည့်သို့ စိန်ပန်းပင်သစ်ကိုင်းကျိုးပိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း စစ်ဆေးသိရပြီး သေဆုံးသူ သက်မောင်၏ အလောင်းအား ဆေးစစ်ချက်ရယူနိုင်ရန် ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ဇော်ရှင်း(ဥသာ)**

■

# ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို စီရိုနယ်လ်ဒို ဆွတ်ခူး



ကျေးဇူးတင်စကားပြောကြားနေသည့် စီရိုနယ်လ်ဒို

အောက်တိုဘာ ၂၃ ရက် ညပိုင်းက လန်ဒန်မြို့ ပလေဒီယံတွင်ကျင်းပခဲ့သည့် ဖီဖာအကောင်းဆုံးဆုချီးမြှင့်ပွဲတွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက မက်ဆီနှင့် နေမာတို့ကိုကျော်ဖြတ်ကာ ၂၀၁၇ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။ မဲရရှိမှုတွင်လည်း စီရိုနယ်လ်ဒိုက စုစုပေါင်း အရေအတွက်၏ ၄၃ ဒသမ ၆ ရာခိုင်နှုန်းအထိရရှိကာ မက်ဆီ(၁၉ ဒသမ ၂၅ ရာခိုင်နှုန်း)နှင့် နေမာ( ၆ ဒသမ ၉၇ ရာခိုင်နှုန်း)တို့ထက် အပြတ်အသတ် သာလွန်ရရှိခဲ့ခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက "ကျွန်တော်ကို မဲပေးတဲ့လူတိုင်းကို ကျေးဇူးတင်ပါတယ်။ မက်ဆီနဲ့ နေမာတို့ကိုရောပေါ့။ ကျွန်တော်ရဲ့ အသင်းဖော်၊ နည်းပြနဲ့ အသင်းဥက္ကဋ္ဌကြီးကိုရောပါပဲ။ အင်္ဂလန်မှာ ကျင်းပတာ ပထမဦးဆုံးအကြိမ်ဖြစ်သလို ဒီဆုကို နှစ်ကြိမ်ဆက်ရရှိခဲ့တာကြောင့် ကျွန်တော့်အတွက် မမေ့နိုင်တဲ့အခိုက်အတန့်ဖြစ်ခဲ့ရပါတယ်" ဟု ကျေးဇူးတင်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။



စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလားနှင့် လာလီဂါဖလားတို့ကို ဆွတ်ခူးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး အစောပိုင်းကတည်းက ယင်းဆုကို စီရိုနယ်လ်ဒိုသာ ရရှိမည်ဟု သတင်းပြေးနေခဲ့ပြီးဖြစ်သည်။ အကောင်းဆုံးအမျိုးသမီးကစားသမားဆုကို နယ်သာလန်မှ လီကီမာတန်စ်က ဆွတ်ခူးသွားခဲ့သည်။ မာတန်စ်သည် နယ်သာလန်အသင်း ယူရိုဖလားဆွတ်ခူးခဲ့ရာတွင် အဓိကနေရာမှပါဝင်ခဲ့သူဖြစ်ပြီး ယမန်နှစ် အကောင်းဆုံးဆုရှင် အမေရိကန်သူ ကယ်လီလွိုက်နှင့် ဗင်နီဇွဲလားမှ အသက်(၁၈)နှစ်အရွယ် ကက်စတီလာနော့စ်တို့ကိုကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဖီဖာတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုချီးမြှင့်ပွဲသည် ဖီဖာဘလွန်းဒီအောဆု ပူးပေါင်းချီးမြှင့်မှုက ခွဲထွက်ပြီး ပြန်လည်ချီးမြှင့်သည့် ဒုတိယမြောက်နှစ်ဖြစ်ပြီး စီရိုနယ်လ်ဒိုက နှစ်ကြိမ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဆုချီးမြှင့်မှုပုံစံကို ပြောင်းလဲထားကာ ပရိသတ်များ၏ အွန်လိုင်းမှ မဲပေးရွေးချယ်မှုကို ၂၅ ရာခိုင်နှုန်း ထည့်သွင်းတွက်ချက်ထားကာ ကျန် ၇၅ ရာခိုင်နှုန်းကို နိုင်ငံလက်ရွေးစင်အသင်းနည်းပြများ၊ အသင်းခေါင်းဆောင်များနှင့် ဂျာနယ်လစ်တို့၏ တစ်အုပ်စုချင်းစီမဲပေးမှုကို ၂၅ ရာခိုင်နှုန်း ထည့်သွင်းတွက်ချက်ထားသည်။

**အကောင်းဆုံးနည်းပြဆု**

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက အကောင်းဆုံးအမျိုးသားအသင်းနည်းပြဆု၊ နယ်သာလန်အမျိုးသမီးလက်ရွေးစင်အသင်း နည်းပြ ဝီဂ်မန်တို့က ဖီဖာ၏ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုများကို အသီးသီးဆွတ်ခူးခဲ့ကြောင်း သိရသည်။ ရီးယဲလ်နည်းပြ ဇီဒန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရီးယဲလ်အတွက် သမိုင်းတွင်မည့် နှစ်ကြိမ်ဆက် ချန်ပီယံလိဂ်ဖလားအပြင် ၂၀၁၂ ခုနှစ်နောက်ပိုင်း လာလီဂါဖလားကိုရရှိအောင် ကူညီပေးနိုင်ခဲ့ရာ မဲအရေအတွက်၏ ၄၆ ဒသမ ၂၂ ရာခိုင်နှုန်းရရှိကာ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့သည်။



အကောင်းဆုံးဆုများနှင့်တွေ့ရသော စီရိုနယ်လ်ဒိုနှင့် ဇီဒန်း

**အလှပဆုံးသွင်းဂိုးဆု**

အာဆင်နယ်တိုက်စစ်မှူး အိုလီဗီရာ ဂျရူးက အလှပဆုံးသွင်းဂိုးဆု(ပွတ်စကပ်စ်ဆု)ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ခရစ္စတယ်ပဲလေ့စ်အသင်းဘက်ကို ကင်းမြီးကောက်ကန်ချက်ဖြင့် သွင်းယူခဲ့သည့်ဂိုးက ရရှိခဲ့သည်။




အကောင်းဆုံးအသင်းဝင် ကစားသမား ၁၁ ယောက်

**အကောင်းဆုံး ၁၁ ဦး**

အကောင်းဆုံးကစားသမား ၁၁ ယောက်စာရင်းကိုမူ ၄-၃-၃ ကစားကွက်ကို အခြေခံရွေးချယ်ခဲ့ပြီး ဂိုး-ဘူဖွန်(ဂျူဗင်တပ်)၊ နောက်တန်း-မာဆယ်လို(ရီးယဲလ်)၊ ရာမို့စ်(ရီးယဲလ်)၊ ဘိုနူချီ(ဂျူဗင်တပ်)၊ အဲလ်ဗက်စ်(ဂျူဗင်တပ်/ပီအက်စ်ဂျီ))၊ ကွင်းလယ် - အင်နီယေစတာ(ဘာစီလိုနာ)၊ တိုနီခရူးစ်( ရီးယဲလ်)၊ မိုဒရစ်(ရီးယဲလ်)၊ ရှေ့တန်း-စီရိုနယ်လ်ဒို(ရီးယဲလ်)၊ နေမာ(ဘာစီလိုနာ/ပီအက်စ်ဂျီ) နှင့် မက်ဆီ(ဘာစီလိုနာ) တို့ ဖြစ်ကြသည်။



အလှပဆုံးသွင်းဂိုးဆုရရှိခဲ့သည့် တိုက်စစ်မှူး ဂျရူး၏ ကင်းမြီးကောက်သဏ္ဍာန် နောက်ပြန်ကန်ချက်

မေလှဲ့သင်း ရေးသားသည်

# ဆန်စီယိုမှာ ဂျူဗင်တပ်ကို အေစီမီလန် ဟန့်တားနိုင်ပါ့မလား

ရှိုင်းမင်းမင်း

## ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၁၁

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၁ ကို လာမယ့် အောက်တိုဘာလ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်နေ့မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အေစီမီလန်နဲ့ ဂျူဗင်တပ်တို့ဆုံတွေ့နေကာ အသင်းကြီးတွေ ပွဲဆက်တွေများနေတာကိုလည်း သတိပြုအားပေးရမှာဖြစ်ပါတယ်။

### အေစီမီလန် - ဂျူဗင်တပ် ည ၁၀း၃၀ (၂၈-၁၀-၁၇)

အေစီမီလန်က အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းအရဆိုရင်တော့ ဂျူဗင်တပ်ကိုအသာရဖို့ခက်ပါတယ်။ ဂျူဗင်တပ်က လက်ရှိအချိန်မှာ နာပိုလီကို ဖိအားပေးနိုင်ဖို့ ထပ်မံအမှားခံတော့မှာမဟုတ်ပါဘူး။ ဂျူဗင်တပ်ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းနေတယ် ဆိုပေမယ့်လည်း ဒီပွဲစဉ်မှာတော့ မီလန်ရဲ့အိမ်ကွင်းအားကို ထိန်းချုပ်နိုင်ကာ နိုင်ပွဲကပ်ရမယ်။

### ရိုးမား - ဘိုလော့နာ နံနက် ၁း၁၅ (၂၉-၁၀-၁၇)

ရိုးမားအနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက ထင်သလောက်တည်ငြိမ်မှု မရှိဘူးဆိုပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာတော့ ကစားအားကောင်းမွန်မှု ရှိတတ်သလို ခံစစ်ပိုင်းကစားပုံလည်း ကောင်းမွန်ပါတယ်။ ဒါကြောင့်လည်း ခြေစွမ်းသာမန်သာရှိတဲ့ ဘိုလော့နာကို ထိန်းချုပ်နိုင်မှာပါ။ ရိုးမားပွဲဆက်တွေများနေပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဘီနီဗန်တို - လာဇီယို ည ၆း၀၀ (၂၉-၁၀-၁၇)

တန်းတက်ဘီနီဗန်တိုခြေက အားနည်းမှုအတော်လေးများပါတယ်။ လာဇီယိုကတော့ အိမ်ကွင်းပွဲထက် အဝေးကွင်းပွဲတွေမှာ ရှန်းအား ကောင်းမွန်မှုရှိပါတယ်။ ပွဲဆက်တွေများနေကာ ပွဲပန်းလာနိုင်တယ်ဆိုပေမယ့် ဒီလိုပွဲမျိုးမှာတော့ အမှားခံမှာမဟုတ်ပါဘူး။ အထူးသဖြင့် လာဇီယိုတိုက်စစ်က ဂိုးသွင်းခြေ ကောင်းမွန်တာကြောင့် ဘီနီဗန်တိုကို ဖိအားပေးသွားနိုင်ဖို့ရှိနေပါတယ်။ ဒီပွဲမှာလည်း လာဇီယိုကသာ နိုင်ပွဲရမှာပါ။

### ခရိုတိုနီ - ဖီအိုရင်တီးနား ည ၈း၃၀ (၂၉-၁၀-၁၇)

ဖီအိုရင်တီးနားက ခြေစွမ်းပိုင်းအရ သာမန်သာရှိပေမယ့် အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အထူးသဖြင့် ခရိုတိုနီက အိမ်ကွင်းကစားပုံမဆိုးပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ အားနည်းလွန်းနေတာကြောင့် ဖီအိုရင်တီးနားကို ဖိအားပေးနိုင်ဖို့ ရှန်းကန်ရနိုင်ပါတယ်။ အမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာမယ့် ဖီအိုရင်တီးနားကသာ အဝေးကွင်းမှာ နိုင်ပွဲကပ်ပြီးရယူသွားနိုင်ဖို့ရှိပါတယ်။

### နာပိုလီ - ဆာစူအိုလို ည ၇း၃၀ (၂၉-၁၀-၁၇)

နာပိုလီခြေက ကောင်းမွန်မှုအပြည့်ရှိပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာဖြစ်သလို ဂျူဗင်တပ်တို့ ပွဲကျပ်ကြုံနေချိန်မှာ နာပိုလီတို့ နိုင်ပွဲရယူထားနိုင်ဖို့ ပိုမိုအားစိုက်လာနိုင်ပါတယ်။ အထူးသဖြင့် အူဒီးနီးစ်ခြေကလည်း သာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်တာကြောင့် နာပိုလီတို့ အခွင့်အရေးရနိုင်ပါတယ်။ နာပိုလီတို့ ချန်ပီယံလိဂ်အပါအဝင် ပွဲဆက်တွေများနေပေမယ့်လည်း နိုင်ပွဲရသွားဦးမှာပါ။

### ဆမ်ဒိုးရီးယား - ချီယေဗို ည ၇း၃၀ (၂၉-၁၀-၁၇)

ဆမ်ဒိုးရီးယားက ခြေစွမ်းပိုင်းမတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားအားကောင်းမွန်တတ်ပါတယ်။ အမှတ်လိုအပ်နေတာကြောင့်လည်း ဒီပွဲမှာ နိုင်ပွဲရယူထားနိုင်ဖို့ အိမ်ကွင်းမှာ တိုက်စစ်အားပြုကစားလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ချီယေဗိုက အဝေးကွင်းပွဲတွေမှာလည်း တုံ့ပြန်ကစားအားကောင်းမွန်တတ်တာကြောင့် ဆမ်ဒိုးရီးယားတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း ဆမ်ဒိုးရီးယား သရေလောက်ပဲရမယ်။

### SPAL - ဂျီနိုအာ ည ၈း၃၀ (၂၉-၁၀-၁၇)

ဂျီနိုအာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ များနေပါတယ်။ SPAL ကလည်း အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည် ကျဆင်းလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်သလို ပြိုင်ဘက်ကလည်း ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းဖြစ်နေတာကြောင့် တန်းပြန်မဆင်းရဖို့ဆိုရင် SPAL တို့ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရယူထားနိုင်ဖို့လိုအပ်သလို ဒီပွဲမှာလည်း SPAL တို့ ခြေကုန်ထုတ်ကစားလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ SPAL ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### အူဒီးနီးစ် - အတ္တလန္တာ ည ၈း၃၀ (၂၉-၁၀-၁၇)

အတ္တလန္တာက ပွဲဆက်တွေများနေသလို ခြေစွမ်းပိုင်းကလည်း မတည်ငြိမ်ပါဘူး။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းက အားနည်းမှုတွေ ပိုရှိပါတယ်။ အူဒီးနီးစ်ကတော့ ခြေစွမ်းပိုင်း သာမန်သာရှိပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အူဒီးနီးစ်က အိမ်ကွင်းမှာဆိုရင် ခံစစ်ပိုင်းကစားပုံလည်း ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲစဉ်မှာ အတ္တလန္တာတို့ ရှန်းကန်ရနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်မယ်။

### တိုရီနို - ကယ်ဂလီယာရီ နံနက် ၂း၁၅ (၃၀-၁၀-၁၇)

ကယ်ဂလီယာရီခြေက သာမန်သာရှိပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ကယ်ဂလီယာရီရဲ့ရှန်းအားက ပိုမိုကျဆင်းတတ်ပါတယ်။ တိုရီနိုက အခုနောက်ပိုင်းမှာ ခြေစွမ်းကျဆင်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာ သေချာနေသလို အိမ်ကွင်းမှာ ကစားပုံလည်း ပိုကောင်းတတ်ပါတယ်။ ဒါကြောင့် တိုရီနိုပဲ အနိုင်ရမယ်။

### ဗီရိုနာ - အင်တာ နံနက် ၂း၁၅ (၃၁-၁၀-၁၇)

အင်တာမီလန်ခြေက ကောင်းမွန်မှုရှိပါတယ်။ ဂျူဗင်တပ် ပွဲကျပ်ကြုံနေတာကြောင့်လည်း အင်တာမီလန်တို့ အနိုင်ရယူနိုင်အောင် အားစိုက်ကစားလာမှာပါ။ ဗီရိုနာကတော့ တိုက်စစ်ပိုင်းအရ အားနည်းမှုတွေများလွန်းပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် ဗီရိုနာအနေနဲ့ အင်တာကို တုံ့ပြန်ဖိအားပေးနိုင်ဖို့ဆိုတာ ခက်ခဲလွန်းပါတယ်။ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်ကစားလာမယ့် အင်တာမီလန်ကသာ နိုင်ပွဲရမယ်။

# ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Viral Encephalitis – JVE)

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)

လူနှင့်နို့တိုက်သတ္တဝါများကို ကူးစက်နိုင်သော ဗိုင်းရပ်အမျိုးပေါင်း ၂၃၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ ထိုအထဲကမှ ဦးနှောက်ရောင်ရောဂါကိုဖြစ်စေတာက ဗိုင်းရပ်ရောဂါပိုးအမျိုးပေါင်း (၁၀၀)ကျော်ရှိပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါမှာ ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်စ် (Japanese Encephalitis Virus-JEV ) ကူးစက်၍ဖြစ်သောရောဂါဖြစ်သည်။ ထိုဗိုင်းရပ်စ်မှာ သွေးလွန်တုပ်ကွေးနှင့်အတူ Flavivirus အုပ်စုတွင် ပါဝင်သည်။

**ရောဂါအစ ဂျပန်က**

၁၈၇၁ ခုနှစ်မှာ ပထမဦးဆုံးလူနာကို ဂျပန်နိုင်ငံမှာ တွေ့ရှိကြောင်း ဆေးမှတ်တမ်းများမှာ တွေ့ရပါသည်။ နှစ်စဉ်လူတစ်သိန်းတွင် တစ်ယောက်မှ ၁၀ ယောက်အထိ (သို့မဟုတ်) အစုလိုက်အပြုံလိုက် ကူးစက်မှုပြင်းထန်ချိန် (Outbreaks)မှာ ဖြစ်နိုင်ခြေ ထို့ထက်ပိုများပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏မှတ်တမ်းများအရ၊ နှစ်စဉ်လူနာ ၆၈၀၀၀ ခန့်ဖြစ်လေ့ရှိပြီး သေဆုံးမှုအနေဖြင့် ၁၃၆၀၀ မှ ၂၀၄၀၀ အထိ သေဆုံးနိုင်ကြောင်း သိရသည်။ အဓိကအားဖြင့် ကလေးများတွင်အဖြစ်များပါသည်။ သို့သော် အရွယ်သုံးပါးလုံးမှာဖြစ်နိုင်၍ သတိထားရန်လိုပါသည်။ WHO ၏ထုတ်ပြန်ချက်အရ အရှေ့တောင်အာရှနှင့် ပစိဖိတ်အနောက်ပိုင်း ၂၄ နိုင်ငံမှာ လူပေါင်း သုံးဘီလီယံ ကူးစက်နိုင်ခြေရှိနေပါသည်။

**ရောဂါကူးစက်ပုံ**

ခြင်ကိုက်ခြင်းကြောင့် ရောဂါကူးစက်သည်။ ကမ္ဘာတွင် ခြင်အမျိုးပေါင်း ၃၀၀၀ ကျော်ရှိ၍ နှစ်စဉ် လူနှစ်သန်းခန့် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများခံစားနေရသည်။ ထိုရောဂါများကြောင့်ပင်၊ နှစ်စဉ်လူတစ်သန်းကျော် သေဆုံးနေရသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်စေသောခြင်မှာ ကျူးလက်စ် (Culextritaeniorhynchus) ခြင်ဖြစ်သည်။ သွေးလွန်တုပ်ကွေးဖြစ်စေသောခြင်မှာ အေးဒီးစ်ခြင်ဖြစ်ပြီး ငှက်ဖျားဖြစ်စေသောခြင်မှာ အနော်ဖလီခြင်ဖြစ်သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် လူမှလူသို့တိုက်ရိုက်မကူးစက်နိုင်ပါ၊ ရောဂါရှိလူကိုကိုက်ခြင်းဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်သော ဗိုင်းရပ်ပမာဏကို တိုက်ရိုက်မရနိုင်၍ဖြစ်သည်။ ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်သည် ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့စသည်တို့၏ ခန္ဓာကိုယ်တွင် ဗိုင်းရပ်ပိုးများပွားပြီး ယင်းတို့မှပိုးသည် ခြင်မှတစ်ဆင့် လူသို့ကူးစက်သည်။ ထို့ကြောင့် ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့ တို့နှင့် နီးစပ်သူများတွင် အဖြစ်များသည်။ ကျူးလက်စ် ခြင်သည် လယ်ကွင်းများထဲတွင် အဓိကပေါက်ပွားသည်။ အသုံးမပြုသော အိုးခွက်၊ မြေကျင်း၊ မြေတွင်း၊ မြေချိုင့်နှင့် ရေတွင်းဟောင်း၊ ရေကန်ဟောင်းများတွင်လည်းကောင်း၊ မြောင်းပုပ်၊ အိမ်သာရေဆိုးကန်တို့တွင်လည်းကောင်း ပေါက်ပွားသည်။ တိရစ္ဆာန်သွေးကို ပိုကြိုက်သည်။ နံနက် ၃ နာရီမှ နံနက် ၄ နာရီ၊ ည ၉ နာရီမှ ည ၁၁ နာရီ (နေဝင်ချိန်နှင့် နေထွက်ချိန်)များတွင်၊ ကျူးလက်ခြင်ကိုက်၍ အများဆုံးကူးစက်သည်။ရာသီမရွေး ၊အသက်အရွယ်မရွေး၊ အမျိုးသား အမျိုးသမီးမရွေးဖြစ်နိုင်သော်လည်း အသက် (၁၅)နှစ်အောက်ကလေးများတွင်အဖြစ်များပြီး ခြင်ပေါက်ပွားမှုများသည့်မိုးရာသီတွင် အဖြစ်များသည်။

**ရောဂါလက္ခဏာများ**

(၁) **ရှေးဦးလက္ခဏာများ(သာမန်တုပ်ကွေးလက္ခဏာများ)။** ကူးစက်ခံရပြီး ၅ ရက်မှ ၁၅ ရက်အတွင်း၊ ရောဂါလက္ခဏာများပေါ်တတ်သည်။ (ရောဂါပျိုးရက်) ပုံမှန်အားဖြင့် တစ်ရက်မှ ၆ ရက်အတွင်း ဖျားခြင်း၊ တုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်းတို့ ဖြစ်လေ့ရှိသည်။ တစ်ခါတစ်ရံ ၂၄ နာရီထက် တိုတောင်းပြီး တစ်ခါတစ်ရံ ၁၄ ရက်ခန့် ကြာတတ်သည်။

(၂) **လတ်တလောဦးနှောက်ရောင်အဆင့်(ဦးနှောက်လုပ်ငန်းထိခိုက်သည့်လက္ခဏာများ)။**ကူးစက်လူနာ ၂၅၀ တွင်တစ်ဦး၊ ဦးနှောက်ရောင်တတ်သည်။ ရောဂါဖြစ်စ ၃ ရက်မှ ၅ ရက်မြောက်နေ့တွင် အစာ၊ ရေမဝင်၍ မောပန်းခြင်း၊ နုန်းချိခြင်းဖြစ်ပြီး ပိန်လာသည်။ စိတ်ဂဏာမငြိမ်ဖြစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ အိပ်ငိုက်ခြင်း၊ ကြွက်သားများ တောင့်တင်းလာခြင်း၊ လျှာလေးခြင်း၊ ဇက်ခိုင်ခြင်း၊ အချိန်နေရာဝေခွဲမရဖြစ် ခြင်း၊ မူးဝေခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်းနှင့် သေဆုံးသည်အထိ ဖြစ်နိုင်သည်။ လူနာသုံးဦးတွင် တစ်ဦးသေဆုံးတတ်သည်။

(၃) **နောက်ဆက်တွဲလက္ခဏာများ။** ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ မသေဘဲရောဂါမှ လွတ်မြောက်လာသော်လည်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အပြုအမူပြောင်းလဲချို့ယွင်းခြင်း၊ စကားမပီခြင်း၊ စကားမပြောနိုင်ခြင်း၊ ခြေလက်သေခြင်း၊ လေဖြတ်ခြင်း၊ အတက်ရောဂါစသည့် ဦးနှောက်အာရုံကြောပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ချို့ယွင်းချက်များ၊ ကျန်ခဲ့တတ်သည်။ ထိုချို့ယွင်းချက်များသည် အမြဲတမ်းဖြစ်သွားနိုင်သည်။

**မြန်မာနိုင်ငံနှင့်ဂျပန်ဦးနှောက်ရောင်ရောဂါ**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဂျပန်ဦးနှောက်ရောင်ရောဂါ လူနာများကို ၁၉၇၄ ခုနှစ်တွင် တာချီလိတ်နှင့် ၁၉၇၅ ခုနှစ်တွင် ကျိုင်းတုံ၊ လားရှိုး၊ လွိုင်ကော်တို့၌ တွေ့ရှိခဲ့သည်။ ၁၉၇၄ ခုနှစ် မှ ၂၀၁၄ ခုနှစ်အတွင်း ပြည်သူ့ဆေးရုံများသို့ ဂျပန်ဦးနှောက်ရောင်ရောဂါဖြင့် ၂၇၇ ဦးတက်၍ ၁၀၉ ဦးသေဆုံးခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါ အတည်ပြုလူနာ ၂၈၀ ရှိခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် ဖြစ်ပွားခဲ့သည်။ ၂၀၁၇ ခုနှစ် ပထမခြောက်လအတွင်း ဂျပန်ဦးနှောက်ရောင်ရောဂါလူနာ ၈၃၀ ရှိပြီး ၁၄၆ ဦး ဓာတ်ခွဲခန်းအတည်ပြုနိုင်ခဲ့ပါသည်။











**ရောဂါဆုံးဖြတ်ခြင်း**

ဂျပန်ဦးနှောက်ရောင်ရောဂါ ဟုတ်၊ မဟုတ်ကို အောက်ပါအချက်များကြည့်၍ ဆုံးဖြတ်လေ့ရှိသည်။ ရောဂါဖြစ်ပွားနေသောအရပ်မှလာခြင်း၊ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများတွင်နေထိုင်ခြင်း၊ ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့စသည်များနှင့် ဆက်စပ်မှုရှိခြင်း၊ ရောဂါပျိုးချိန်နှင့် ရောဂါလက္ခဏာများကို စစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းတွင် သွေးရည်ကြည်(Serum)ကိုစစ်ဆေးခြင်း၊ လိုအပ်ပါက ပို၍တိကျစွာသိနိုင်သော ခါးရိုးတွင်းမှဦးနှောက်ကြောရိုးမအရည်ကြည်(Cerebrospinal fluid-C.S.F)ကိုယူ၍ စစ်ဆေးခြင်းတို့ဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ဟုတ်၊ မဟုတ် ဆုံးဖြတ်နိုင်ပါသည်။

> **"ဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက်(၅)နှစ်မှ (၁၅) နှစ်ကျောင်းသားအရွယ်များတွင် အဖြစ်များသဖြင့် တိုင်းပြည်အတွက်အရေးကြီးပါသည်။ အများစုမှာသာမန် တုပ်ကွေးမျှသာဖြစ်သော်လည်း သေဆုံးမှုနှုန်းများခြင်း ကြောင့်လည်းကောင်း၊ မသေသော်လည်း ရာသက်ပန် လူစဉ်မမီ ဉာဏ်ရည်မပြည့် ဖြစ်တတ်ခြင်းကြောင့်လည်း ကောင်း၊ ကာကွယ်ရန်အရေးကြီး . . ."**

**ရောဂါကုသခြင်း**

ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်ကို သတ်သောဆေးမပေါ်သေးသဖြင့်ကုသရန်ဆေးမရှိသေးပါ။ ကုသမှုမှာ ပြင်းထန်သောလက္ခဏာများကို ခံစားမှုမှသက်သာအောင်လုပ်ခြင်း (ဥပမာ-အတက်ရောဂါကို အတက်ကျဆေး (Anticonvulsant)များပေးခြင်း၊ ဦးနှောက်တွင်းဖိအားနည်းအောင် ဆီးဆေးများပေးခြင်းစသည်)ရောဂါကို ကျော်လွှားနိုင်အောင် ကျားကန်ကုသခြင်းများသာဖြစ်ပါသည်။

**ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

(၁) **စောင့်ကြည့်ခြင်း(Surveillance)။** ဂျပန်ဦးနှောက်ရောင်ရောဂါသည်၊ နှစ်နှစ်တစ်ခါ သို့မဟုတ် အကြာဆုံး ၁၅ နှစ်တစ်ခါ အစုလိုက် အပြုံလိုက် (Outbreaks)ဖြစ်တတ်သဖြင့်၊ WHO မှ ရောဂါစောင့်ကြည့်ခြင်းလုပ်ငန်းကိုလုပ်ဆောင်စေသည်။
- ရောဂါကာကွယ်ပြီးသားနိုင်ငံများတွင် လူနာအခြေပြုစောင့်ကြည့်ခြင်း (Case-based Surveillance) ကိုလည်းကောင်း၊
- ရောဂါမကာကွယ်ရသေးသော နိုင်ငံများတွင် ဓာတ်ခွဲခန်းအခြေပြုစောင့်ကြည့်ခြင်း(Laboratory – based Surveillance)ကိုလည်းကောင်း၊ ဆောင်ရွက်လျက်ရှိသည်။

(၂) **ကာကွယ်ဆေး(Vaccine)။** ဂျပန်ဦးနှောက်ရောင်ရောဂါကို ဘေးအန္တရာယ်ကင်းပြီး ထိရောက်သော ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည်။ WHOမှ အာရှနှင့် အနောက်ပစိဖိတ် ၂၄ နိုင်ငံတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးရန်းအကြံပြုထားချက်အရ မြန်မာနိုင်ငံတွင် ယခုနှစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အတွင်း ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ကျောင်းအားလုံးရှိ အသက် (၅)နှစ်မှ(၁၅) နှစ်အထိ ကလေး ၁၄ ဒသမ ၂ သန်းကို အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်း အကုန်အကျခံသုံးစွဲ၍ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပါသည်။ ၂၀၁၇ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် အသက်(၉)လမှ(၅)နှစ်အတွင်း ကလေးများနှင့် ကျောင်းအခြေပြုကာကွယ်ဆေးထိုးရာတွင် မထိုးလိုက်ရသောကလေးများကိုပါ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပါသည်။ လာမည့် ၂၀၁၈ ခုနှစ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ထည့်သွင်းမည်ဖြစ်ပါသည်။

(၃) **ခြင်အန္တရာယ်ကာကွယ်ရေး။** ကျူးလက်စ်ခြင်များ အကိုက်ဆုံးဖြစ်သော နေဝင်ချိန်နှင့် နေထွက်ချိန်များတွင် တတ်နိုင်သမျှ အပြင်သို့မထွက်ပါနှင့် အိမ်အတွင်းနေလျှင်လည်း ခြင်ကိုက်မခံရအောင်၊ ခြင်လုံဆန်ခါတတ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များအသုံးပြုခြင်း၊ ပန်ကာဖွင့်ခြင်း၊ အကျီလက်ရှည်၊ ခြေစွပ်၊ ခေါင်းစွပ်ဝတ်ဆင်ခြင်း၊ အဝတ်အစားလွတ်သော နေရာများတွင် ခြင်ပြေးလိမ်းဆေးများ လိမ်းခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ ခြင်ပေါက်ပွားနိုင်သော ရေအိုင်နေသည့် အိုးခွက်ဟောင်း၊ တာယာဟောင်းများကို ရှင်းလင်းခြင်း၊ ချိုင့်များမြောင်းများကို မြေဖို့ခြင်းများ ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်သည်။ ရေကန်ဟောင်း၊ ရေတွင်းဟောင်းများကို မြေဖို့ခြင်းဖြင့်လည်းကောင်း၊ လုံအောင်ဖုံးပိတ်ထားခြင်းဖြင့်လည်းကောင်း၊ အိမ်သာရေဆိုးကန်များကို ခြင်မဝင်နိုင်အောင် အလုံပိတ်ထားသင့်ပါသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက်(၅)နှစ်မှ (၁၅) နှစ်ကျောင်းသားအရွယ်များတွင် အဖြစ်များသဖြင့် တိုင်းပြည်အတွက်အရေးကြီးပါသည်။ အများစုမှာသာမန် တုပ်ကွေးမျှသာဖြစ်သော်လည်း သေဆုံးမှုနှုန်းများခြင်း ကြောင့်လည်းကောင်း၊ မသေသော်လည်း ရာသက်ပန် လူစဉ်မမီ ဉာဏ်ရည်မပြည့် ဖြစ်တတ်ခြင်းကြောင့်လည်း ကောင်း၊ ကာကွယ်ရန်အရေးကြီးပါသည်။ ထို့ကြောင့် ကာကွယ်ခြင်းတွင် အသေချာဆုံးဖြစ်သည့် ဂျပန်ဦးနှောက် ရောင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းတွင် တစ်မျိုးသားလုံး တက်ကြွစွာပါဝင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပုပ္ပားတောင်ကလပ်မြေကျွံနိမ့်ကျမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကြည့်ရှု

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် စက်တင်ဘာလနှင့် အောက်တိုဘာလ ဒုတိယပတ်အထိ ရက်ရှည်မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အောက်တိုဘာ ၁၅ ရက်မှစတင်၍ မြေသားများပြတ်ရွေ့မှုဖြစ်ခြင်းနှင့် အောက်တိုဘာ ၁၉ ရက်မှစတင်၍ မြေသားပြိုခြင်း၊ လျှောကျခြင်းများဖြစ်ပေါ်ခဲ့ရာ ၎င်းအခြေအနေများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက စစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းကော်မတီဝင် ဦးကျော်ဦးနှင့် ပညာရှင်ဒေါက်တာစိုးမိုးကျော်ဝင်းတို့က ပုပ္ပားတောင်ကလပ်ဒေသ လက်ရှိမြေသားပြတ်ရွေ့မှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပုပ္ပားဒေသ၏မြေသားအခြေအနေနှင့် အဆောက်အအုံများထူထပ်စွာဆောက်လုပ်ထားရှိမှုအခြေအနေများ၊ ရေဆိုးစွန့်ပစ်မှုအခြေအနေများနှင့် ပြီးခဲ့သည့်ရက်များအတွင်း ရက်ရှည်မိုးရွာသွန်းမှုများသဖြင့် မြေသားပျော့အိနိမ့်ဆင်းကျလာမှုများ၊ မြေသားပြတ်ရွေ့မှုဖြစ်ပွားခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြနေကြသည့် တောင်ကလပ်ကြီး ၄၆ ဒီဂရီတိမ်းဆောင်းသွားသည်ဆိုခြင်းနှင့် မီးတောင်ပြန်လည်သက်ဝင်လာသည်ဆိုခြင်းတို့မှာလည်း လုံးဝမှန်ကန်မှုမရှိသည့်သတင်းများဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် မြေသားဆက်လက်ပြိုဆင်းနေခြင်းရှိ၊ မရှိကိုမူ စောင့်ကြည့်ရေးအဖွဲ့များဖြင့် စောင့်ကြည့်ပြီး လိုအပ်သလိုဆောင်ရွက်သွားရမှာဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါတောင်ကလပ် ဧရိယာအတွင်း မြေသားပြတ်ရွေ့မှုနှင့်မြေပြိုမှုအခြေအနေများကို လေ့လာစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် လက်ရှိအဆိုပါဧရိယာတွင်းရှိ အိမ်ထောင်စုစာရင်းနှင့် ကျူးကျော်နေအိမ်စာရင်းများ စစ်တမ်းကောက်ယူထားရှိရန်နှင့် နောက်ထပ်



အဆောက်အအုံအသစ်ထပ်မံဆောက်လုပ်ခြင်းမပြုလုပ်ရန်၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ရရှိသည့်အဖြေကို ဘူမိဗေဒပညာရှင်အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန်နှင့် ၎င်းအခြေအနေပေါ်မူတည်၍ ဘူမိပညာရှင်များ၏ သုံးသပ်အကြံပြုချက်ဖြင့်မြေသားထိန်းသိမ်းခြင်းလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားနိုင်ရန်၊ လက်ရှိအခြေအနေတွင် ဘုရားပြည်သူများအသွားအလာမပျက်ဝင်/ထွက်သွားလာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားရန်ဆွေးနွေးမှာကြားပြီး တောင်ကလပ်အောင်သိဒ္ဓိကုန်းရှိ မြေသားအက်ကွဲပြတ်ရွေ့မှု ဖြစ်ပွားနေသည့်နေရာများနှင့် မြေကျွံနေသည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအတွင်းရေးမှူး ဦးသန်းထွန်း (ဘူမိပညာရှင်)နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

■

## မန္တလေးမြို့တော် ဟိုတယ်များ မီးဘေးလုံခြုံရေးစစ်ဆေးပြီး မီးငြှိမ်းသတ်မှုသရုပ်ပြ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့တော်အတွင်း ဟိုတယ်များမီးဘေးအန္တရာယ်လုံခြုံစေရေးအတွက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၏ဦးဆောင်မှုဖြင့် ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုတယ်ဇုန်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကာအောက်တိုဘာ ၂၃ ရက်မှစတင်ပြီး မန္တလေးခရိုင်အတွင်း ဟိုတယ်များ၊ တည်းခိုရိပ်သာများတွင် ဆောင်ရွက်လျက်ရှိသည်။

မန္တလေးခရိုင်အတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၉၀ ကျော်ရှိပြီး အခန်းပေါင်း ၈၀၀၀ ခန့်ရှိသည်။ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းနိုင်ဦးစီးပြီး အသစ်ပြုပြင်တည်ဆောက်လျက်ရှိသည့် ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်ရှိ ILTON MANDALAY HOTEL ရှိ ဝန်ထမ်းများအား မီးငြှိမ်းသတ်ခြင်း အသိပညာပေးဟောပြောပြီး အရေးပေါ်မီးငြှိမ်းသတ်နည်း၊ ဆီမီးလောင်စဉ်ပေါင်ဒါမီးသတ်ဆေးဘူးဖြင့် ငြှိမ်းသတ်နည်းများကိုသရုပ်ပြ၍ မီးငြှိမ်းသတ်ခြင်းများသင်ကြားပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေး ဂန့်ဂေါတွင်ညှိနှိုင်းဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ ၂၄**

သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်တွင် ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန တာဝန်ခံဦးစီးမှူး ဦးစိုးကြည်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မြစန်းက ဌာန၏ ညွှန်ကြားချက်များနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ထွေးက လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ကျေးရွာသမဝါယမအသင်းကိုယ်စားလှယ်များက အစုအဖွဲ့အလိုက်ဆွေးနွေးကြကာ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းတင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(၄၆၅)**



## မိတ္ထီလာ–တောင်ကြီးကားလမ်းပေါ်မှရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ မော်တော်ယာဉ်ကြီး/ငယ်များ ပုံမှန်အတိုင်းပြန်လည်ဖြတ်သန်းမောင်းနှင်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာနှင့် မင်းလှကန်အနီး၌ မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်တွင် ရေကျော်မှုမှာ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီခန့်ကစတင်ပြီး ယင်းလမ်းပေါ်မှမော်တော်ယာဉ်ကြီး/ငယ်များ ပုံမှန်အတိုင်းပြန်လည်ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်းသိရသည်။

"မနေ့ကအထိတော့ လမ်းပေါ်ရေကျော်နေတာကြောင့် မိတ္ထီလာ-တောင်ကြီးကားလမ်းကို ယာဉ်ကြီးယာဉ်ငယ်တွေ ဖြတ်သန်းမောင်းနှင်ခွင့် ယာယီပိတ်ထားပေမယ့် လမ်းပေါ်ကရေတွေလည်း ပြန်ကျသွားတာကြောင့် ဒီနေ့မနက်ပိုင်းမှာပဲ ပျဉ်သာ-ကျိတ်ပုလဲလမ်းဆုံနဲ့ မိတ္ထီလာမြို့ရှောင်လမ်းဆုံတဲ့နေရာမှာ လမ်းပိတ်ထားတဲ့ ဆိုင်းဘုတ်တွေကို သက်ဆိုင်ရာက ပြန်သိမ်းဆည်းသွားပါတယ်။ မော်တော်ယာဉ်ကြီး/ငယ်တွေ ဒီလမ်းပေါ်ကနေ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းမောင်းနှင်နေပါပြီ။ တောင်ကြီးနဲ့ မိတ္ထီလာဘက် အသွားအပြန် မော်တော်ယာဉ်တွေ သွားလာနိုင်ပြီဖြစ်သလို မိတ္ထီလာ-သာစည်လိုင်းကားတွေလည်း ဒီလမ်းပေါ်ကနေ ပြန်လည်ပြေးဆွဲမောင်းနှင်နေပြီဖြစ်ပါတယ်"ဟု သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာ-တောင်ကြီးကားလမ်းမပေါ်တွင် မော်တော်ယာဉ်ကြီးငယ်များ ပုံမှန်အတိုင်းပြန်လည်မောင်းနှင်ခွင့်ပြုထားပြီဖြစ်သကဲ့သို့ မိုးရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုရှိသည့်နေရာများအား အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မြို့သာစက်မှုမြို့တော်ဥယျာဉ်၌ ပြည်တွင်း ပြည်ပ စက်ရုံများလည်ပတ်နေ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေး-မြို့သာစက်မှု ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MMID)တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မန္တလေး-မြို့သာစက်မှုဥယျာဉ်စီမံကိန်းတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စက်ရုံငါးခု လည်ပတ်နေပြီး ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် မြေဧက တစ်သောင်းကျော်တွင် အကောင်အထည်ဖော်ခြင်းဖြစ်ပြီး လက်ရှိလည်ပတ်နေသည့် စက်ရုံငါးခုမှာအင်ဒိုနီးရှားနှင့် ဒိန်းမတ်နိုင်ငံမှရင်းနှီးမြှုပ်နှံသည့် တိရစ္ဆာန်အစာစက်ရုံတစ်ခုစီ၊ ဟောင်ကောင်မှ သစ်ပါးလွှာစက်ရုံ၊ ထိုင်းနိုင်ငံမှ ကွန်ကရစ် စက်ရုံ၊ တရုတ်နိုင်ငံမှ စနိုးကွပ်ကြီးစက်ရုံတို့ဖြစ်ကြောင်း MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောသည်။

"မြို့သာစီမံကိန်းက အထက်မြန်မာပြည်မှာ အကြီးဆုံးပါ။ မြို့သာမှာလာပြီး Co- developer အဖြစ် ရင်းနှီး မြှုပ်နှံလိုသူတွေကိုဖိတ်ခေါ်ပါတယ်။ အကောင်အထည်ဖော်ချင်သလောက် မြေငှားပေးမယ်။ ဘယ်လိုလုပ်ချင်သလဲပြောပါ။ ရင်းနှီးမြှုပ်နှံချင်တဲ့ စက်ရုံ ၂၀ ခန့်ကလည်းစိတ်ဝင်စားမှုရှိနေပြီ"ဟု ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က ပြောသည်။

လက်ရှိလည်ပတ်နေသည့် စက်ရုံ ငါးခုအပြင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Tenchong Industrial Park Investment Development Co,.Ltd က ၎င်းမြို့သာစက်မှုဥယျာဉ်မြေဧရိယာထဲမှ ၃၂၃ ဧကတွင် အမေရိကန်ဒေါ်လာသန်း ၃၉၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ပထမအဆင့်အဖြစ် ဧက ၅၀ တွင် လုပ်ငန်းစတင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



ကျောက်ဆည်ခရိုင် ပလိပ်မြို့အတွင်းရှိ အများပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်လိုက်မှုအန္တရာယ်များမဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့အတွက် အများပြည်သူများသွားလာသော ဈေး၊ ကျောင်း၊ ရုံး၊ ဆေးရုံများတွင် ဟောင်းနွမ်းနေသော ဆားဗစ်ကြိုးများနှင့် အဆောက်အအုံများအတွင်း တပ်ဆင်သွယ်တန်းထားသောလျှပ်စစ်ဝါယာကြိုးများအား စနစ်တကျသွယ်တန်းထားမှု ရှိ၊ မရှိတို့ကို ပလိပ်မြို့ လျှပ်စစ်ဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ပထမပတ်က စစ်ဆေးမှုများ ပြုလုပ်ခဲ့စဉ်။ **(ကြေးမုံ)**

# မြို့နယ်အဆင့် ပညာရေးဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အမှန်တကယ်လိုအပ်သည်များကိုရေးဆွဲရန်လိုအပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၄**
မြစ်ကြီးနာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ မြစ်ကြီးနားမြို့နယ်အတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်ဆွေးနွေးပွဲကျင်းပသည်။

UNICEF မှ စီမံချက်တာဝန်ခံ ဦးကျော်လွင်လတ်က "မြို့နယ်အဆင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်ကို ရေးဆွဲရာမှာ လိုချင်တာထက် အမှန်တကယ်လိုအပ် ချက်ကို အဓိကထားရေးဆွဲရမှာဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးပွဲဟာ ပညာရေးကဏ္ဍအတွက် အရေးကြီးပါတယ်။ ကဏ္ဍအသီးသီးရဲ့ အညွှန်းကိန်းကိုလိုက်ပြီး အားနည်းနေတဲ့အပိုင်းတွေ၊ အညွှန်းကိန်းကျနေတဲ့ အပိုင်းတွေကိုရှာဖွေပြီး တိုးတက်မြင့်မားအောင် ဘယ်လိုလုပ်မလဲပေါ့။ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ ပညာရေးကဏ္ဍနဲ့ပတ်သက်ဆက်နွှယ်နေတဲ့လုပ်ငန်းတွေကို ဆန်းစစ်ပြီးပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲရာမှာ အထောက်အကူပြုစေမည့် စီမံချက်တွေပါဝင်စေနိုင်ရေး အကောင်အထည် ဖော်စေမည့် ဆွေးနွေးပွဲဖြစ်ပါတယ်" ဟုပြောကြားသည်။

အဆိုပါ မြို့နယ်အဆင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်ရေးဆွဲရာတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဦးမင်းဦးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က "ဖွံ့ဖြိုးတိုးတက်မှုစီမံချက်လုပ်ငန်းရေးဆွဲရာမှာ ပညာရေးနဲ့ဆိုင်တဲ့အညွှန်းကိန်းနဲ့ဆိုင်တဲ့ ၄၇ ချက်မှာပါဝင်တဲ့ အချက်အလက်များအပေါ် မူတည်ပြီး အုပ်စုလိုက်၊ နယ်မြေအလိုက် အညွှန်းကိန်းများလျော့နည်းလာတာတွေကိုရှာဖွေပြီး တိုးတက်မြင့်မားလာအောင် လုပ်ဆောင်ရမှာပါ။ စီမံချက်ရေးဆွဲရာမှာ ငါးနှစ်စာ ရေးဆွဲပြီး တစ်နှစ်ခြင်းလုပ်ဆောင်သွားမှာပါ။ အကြီးစားလိုအပ်ချက်တွေကိုတော့ ပညာရေးဝန်ကြီးဌာနကို တင်ပြတောင်းခံပြီး အသေးစားလိုအပ်ချက်တွေကိုတော့ လှူဒါန်းနိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ဖြေရှင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း သက်ဆိုင်ရာ ဌာနဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကူအညီရယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပညာရေးဌာနအနေနဲ့တော့ အလှူငွေကောက်ခံခြင်းမရှိပါဘူး။ ကျောင်းနေရန် ခက်ခဲတဲ့ကျောင်းသား ကျောင်းသူတွေကိုလည်း ကမ္ဘာ့ဘဏ်ရဲ့ထောက်ပံ့ကူညီမှုနဲ့ ကျောင်းပညာရေးအဆင့်အလိုက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအား အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်ရှိ ပညာရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ အင်အား ၁၅၉ ဦး တက်ရောက်မည်ဖြစ်ပြီး မြို့နယ်အဆင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက် ဆွေးနွေးပွဲတွင် ပညာရေးအညွှန်းကိန်းများဖော်ထုတ်၍ အားနည်းသည့် အညွှန်းကိန်းများအား မြှင့်တင်နိုင်ရေးနှင့် စီမံချက်များရေးဆွဲရာတွင် ပါဝင်နိုင်ရေး၊ အခြေခံပညာဦးစီးဌာနနှင့် UNICEF မှ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လယ်ထွန်စက် ၆၄၆၇ စီး၊ လက်တွန်းထွန်စက် ၅၄၉၈၃ စီး ပိုင်ဆိုင်

**မုံရွာ အောက်တိုဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှမြို့နယ်များရှိ တောင်သူများတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ၂၀၁၂ ခုနှစ်မှ စတင်ကူးပြောင်းခဲ့ပြီးနောက်ပိုင်းတွင် လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူအသုံးပြုလျက်ရှိကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခုရှိ မြို့နယ်များတွင် ယခုနှစ်မိုးရာသီစိုက်ပျိုးချိန်တွင် မိုးစပါး ၁၅၅၃၅၄၃ ဧကနှင့် မိုးသီးနှံစုံ ၂၀၉၅၆၉၉ ဧကကို စိုက်ပျိုးလျက်ရှိပြီး အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများကို အစားထိုးပြောင်းလဲလုပ်ကိုင်မှုများကြောင့် တောင်သူများတွင် လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာစနစ်ကူးပြောင်းချိန်မှ ယနေ့အထိ ခြောက်နှစ်တာ ကာလအတွင်း လယ်ထွန်စက်မျိုးစုံ ၆၄၆၇ စီး၊ လက်တွန်းထွန်စက် ၅၄၉၈၃ စီး၊ တမန်းလှေ ၅၈၃ စီး၊ ကောက်စိုက်စက် ၁၆ လုံး၊ စပါးရိတ်စက် ၇၆ စီး၊ စပါးခြွေစက် ၁၀၀၉၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၆၆၅ စီးစသည့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများမှ အရစ်ကျငွေချေစနစ်များဖြင့်လည်းကောင်း၊ ကိုယ်တိုင်ဝယ်ယူခြင်းဖြင့်လည်းကောင်း ဝယ်ယူအသုံးပြုလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# အလိုအလျောက် အလုပ်လုပ်ပေးမည့် ဘူဒိုဇာ

နည်းပညာများခေတ်မီတိုးတက်လာသည်နှင့်အမျှ စက်ပစ္စည်းအသုံးပြုများအပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိလာသည့်အလျောက် လူသားအရင်းအမြစ်များကိုလျှော့ချပေးနိုင်ရန် ကြိုးစားဖန်တီးလျက်ရှိနေကြရာ ယခုအခါတွင် မောင်းသူမဲ့ မြေထိုးစက်ခေါ် ဘူဒိုဇာကို ထပ်မံမြင်တွေ့ရတော့မည်ဖြစ်သည်။ Built Robotics အမည်ရလုပ်ငန်းမှ အဆိုပါ ဘူဒိုဇာကို ဖန်တီးလိုက်ပြီဖြစ်ပြီး မကြာမီကာလအတွင်း ဆောက်လုပ်ရေးနှင့် မြေသယ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်သွားမည်ဟုသိရသည်။

၎င်းဘူဒိုဇာတွင် အာရုံခံစနစ်များတပ်ဆင်ပေးထားပြီး မြေပြင်ထောက်လှမ်းခြင်းဆိုင်ရာ နည်းပညာများနှင့် ပတ်ဝန်းကျင်အာရုံခံစနစ်များ၊ GPS စနစ်များ ပါဝင်သည်ဟုသိရသည်။ ယခင်ကဲ့သို့ မောင်းနှင်သူလိုက်ပါရန်မလိုအပ်တော့ဘဲ အဆိုပါမောင်းနှင်သူ သို့မဟုတ် စေခိုင်းမည့်သူမှ သယ်ယူရမည့်မြေဧရိယာများနှင့် မြေများလာရောက်ပုံရမည့်နေရာ သတ်မှတ်ပေးခြင်း၊ မောင်းတံပြောင်းလဲကာ တွင်းတူးရန်စေခိုင်းခြင်းနှင့် တူးရမည့်တွင်းအရွယ်အစားနှင့် အတိမ်အနက် သတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်ပေးထားနိုင်သည်ဟုသိရသည်။



အဆိုပါဘူဒိုဇာတွင် ကွန်ပျူတာစနစ်ပရိုဂရမ်များထည့်သွင်းပေးထားပြီး သတ်မှတ်ထားသော မြေဧရိယာပေါ်တွင် စိတ်ကြိုက် အသုံးချစေခိုင်းမှုပြုလုပ်နိုင်သည်ဟုသိရသည်။ "အရင်က ကျွန်တော်တို့ မြေယာလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ ဒီလိုစက်မျိုးတွေကို လူကိုယ်တိုင်မောင်းနှင်ပြီးမှ အလုပ်လုပ်နိုင်တယ်။ အခု လူကိုယ်တိုင် မောင်းနှင်စရာမလိုအပ်တော့ပါဘူး။ ဘေးကအသာကြည့်နေရုံပါပဲ၊ အဲဒီအတွက် လူ့စွမ်းအားအရင်းအမြစ်ထိခိုက်မှုတွေ လျှော့ချနိုင်မယ်လို့ထင်ပါတယ်"ဟု ၎င်းမောင်းသူမဲ့ဘူဒိုဇာစီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက ပြောကြားခဲ့သည် ။ နောက်ပိုင်းကာလများတွင် အခြားမြေယာနှင်ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများကိုလည်း ယခုကဲ့သို့ နည်းပညာသစ်များဖြင့် ထုတ်လုပ်နိုင်ရန်စီစဉ်ထားသည့် Built Robotics လုပ်ငန်းသည် အဆိုပါဖန်တီးမှုများအတွက် အမေရိကန်ဒေါ်လာ ၁၅ သန်း ကျော်ရင်းနှီးမြှုပ်နှံထားသည်ဟု သိရသည်။

ALEX



# ရှန်ဟိုင်းတွင် စက်ရုံတည်ဆောက်တော့မည့် Tesla

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် လောင်စာစွမ်းအင်သုံးမော်တော်ယာဉ်များ ထုတ်လုပ်မှုဖောင်းပွလာခြင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ အသုံးပြုမှုလျှော့ချနိုင်ရန် ကြိုးပမ်းမှုများကြောင့် လျှပ်စစ်ကားထုတ်လုပ်မှုများ ပိုမိုသက်ဝင်လှုပ်ရှားလာကြသည်။ အဆိုပါလျှပ်စစ်ကားထုတ်လုပ်မှုလုပ်ငန်းများတွင် ထိပ်တန်းမှဦးဆောင်နေသော Tesla သည် တရုတ်နိုင်ငံမော်တော်ယာဉ်ဈေးကွက်ကို စတင်ဝင်ရောက်ရန် အခွင့်အရေးရရှိသွားပြီဖြစ်သည်။

တရုတ်နိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော လေထုညစ်ညမ်းမှုများနှင့် ကာဗွန်ထုတ်လွှတ်မှုများလျော့ကျစေရန်အတွက် Tesla ကို လွယ်လင့်တကူရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယခင်ကပြည်တွင်းဈေးကွက်တွင် ယခုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်နိုင်ငံကအလွယ်တကူခွင့်ပြုခြင်းမရှိခဲ့ကြောင်းသိရသည်။ ရှန်ဟိုင်းအစိုးရမှ မြို့တော်အတွင်းရှိ အခမဲ့ကုန်သွယ်မှုဇုန်တွင် Tesla စက်ရုံကို တည်ဆောက်ခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်လျက်ရှိနေသည်ဟု သိရသည်။

အာရှမော်တော်ယာဉ်ဈေးကွက်အတွင်း အကြီးဆုံးတစ်ခုအဖြစ်ပါဝင်နေသော တရုတ်နိုင်ငံတွင် အဆိုပါလျှပ်စစ်ကား ထုတ်လုပ်မှုစက်ရုံကို တည်ဆောက်ထုတ်လုပ်နိုင်ခြင်းသည် ပိုမိုကောင်းမွန်သည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။ တရုတ်နိုင်ငံအနေအဖြင့် နိုင်ငံတွင်းလိုအပ်ချက်တစ်ခုဖြစ်နေသော အဆိုပါ လျှပ်စစ်ကားများထုတ်လုပ်မှုကို ကြိုဆိုသည့်အနေဖြင့် Tesla ကို အစိုးရမှချမှတ်ထားသည့် စည်းကမ်းအချို့လျှော့ပေါ့ကာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အခြားလျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှလည်း တရုတ်နိုင်ငံဈေးကွက်ကို ကမ်းလှမ်းထားခြင်းမျိုးများရှိပြီး Tesla မှ ပထမဆုံးစက်ရုံဆောက်လုပ်ခွင့်ရသော မော်တော်ယာဉ်ထုတ်လုပ်သည့် တစ်ဦးတည်း ပိုင်နိုင်ငံခြားကုမ္ပဏီဖြစ်သည်ဟုသိရသည်။

ALEX

# တစ်ပတ်အတွင်းအားကစားသတင်း



## စံချိန်များနဲ့ အာဆင်နယ်–အဲဗာတန်ပွဲ

အာဆင်နယ်နဲ့ အဲဗာတန်တို့ရဲပရီမီယာလိဂ်ပွဲစဉ် (၉) မှာ အာဆင်နယ်က ငါးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ဒီပွဲဟာ သွင်းဂိုးများပြားတဲ့ ပွဲစဉ်ဖြစ်တဲ့အပြင် စံချိန်သစ်တွေ များစွာ ထပ်ဖြစ်ခဲ့တာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ အင်္ဂလန်လိဂ်မှာ အာဆင်နယ်က အဲဗာတန်ကို (၉၅)ကြိမ် အနိုင်ရရှိခဲ့တာကြောင့် ဒါက အဲဗာတန်ကို အခြားဘယ်အသင်းထက်မဆို အနိုင်ပိုမိုရတဲ့ မှတ်တမ်းကိုလည်း အပိုဆုအဖြစ် ရရှိသွားပါတယ်။ ဒါ့အပြင်

အာဆင်နယ်က အဲဗာတန်ဘက်ကို အခုပွဲမှာ ငါးဂိုးသွင်းနိုင်ခဲ့တာကြောင့် အဲဗာတန်ဘက်ကို အာဆင်နယ်သွင်းယူနိုင်တဲ့ ဂိုးအရေအတွက် ၁၀၀ ပြည့်မြောက်လာခြင်းနဲ့အတူ အသင်းတစ်သင်းတည်းကို ဂိုးရာပြည့် သွင်းယူနိုင်တဲ့ ပထမဦးဆုံး ပရီမီယာလိဂ်ကလပ်လည်း ဖြစ်ခဲ့ပါတယ်။

ကွင်းလယ်လူ မီဆပ်အိုဇေးလ်က အခုပွဲမှာ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့တာကြောင့် ၂၀၁၃ခုနှစ် အာဆင်နယ်ကို ပြောင်းရွှေ့လာကတည်းက သူ့ရဲ့ ဂိုးဖန်တီးမှုဟာ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဒီပွဲမှာ အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့တဲ့ အဲဗာတန်တိုက်စစ်မှူး ဝိန်းရွန်းနီက အာဆင်နယ်ဘက်ကို ၁၂ ဂိုး သွင်းယူနိုင်တဲ့ ကစားသမားဖြစ်လာခဲ့သလို ပီတာဆက်ချ်ကာကွယ်တဲ့ ဂိုးပေါက်ကို ခုနစ်ကြိမ်တိုင် ဂိုးသွင်းယူနိုင်တယ်ဆိုတဲ့ မှတ်တမ်းပါရရှိခဲ့ပါတယ်။ အာဆင်နယ်နည်းပြ ဝင်းဂါးက သူ့ရဲ့ မွေးနေ့မှာ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲမှာအနိုင်ရတဲ့ မှတ်တမ်းတစ်ရပ်ကိုပါ ရရှိခဲ့ပါတယ်။

## ဆာလာလို စိတ်မျိုးမွေးမြူဖို့

လီဗာပူးတောင်ပံတိုက်စစ်မှူး ဆာလာဟာ မိခင်မြေ အီဂျစ်အသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲဆီကို ခေါ်သွားနိုင်ခဲ့တဲ့ သူရဲကောင်းဖြစ်တာကြောင့် သူ့ကို အီဂျစ်အစိုးရက ဂုဏ်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အီဂျစ်နဲ့ ကွန်ဂိုတို့ ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အီဂျစ်အသင်းက ဆာလာရဲ့ နာကျင်အချိန်ပိုပင်နယ်တီ သွင်းဂိုးနဲ့ ၁၉၉၀ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် ကမ္ဘာ့ဖလားအောင်မြင်အောင် အဓိကကူညီပေးခဲ့တဲ့သူဖြစ်ပါတယ်။ အောင်မြင်တဲ့သူတွေနောက်ကို စီးပွားရေးလုပ်ငန်းရှင်တွေ လိုက်တတ်တာ သဘာဝဖြစ်တာကြောင့် ပြည်တွင်းမှာ သူရဲကောင်းဖြစ်နေတဲ့ ဆာလာကိုလည်း လုပ်ငန်းရှင် မန်ဒူအဘာစ်က ဆက်သွယ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

အဘာစ်က ဆာလာကို အပန်းဖြေ ဥယျာဉ်ပေးမယ်ဆိုတဲ့ ကမ်းလှမ်းမှုနဲ့ ချဉ်းကပ်လာခဲ့တာဖြစ်ပြီး ဆာလာက ဒီကမ်းလှမ်းချက်ကို ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်ကာ အများအတွက် အကျိုးရှိတဲ့ အစီအစဉ်တစ်ခုအဖြစ် ပုံစံပြောင်းပစ်ခဲ့ပါတယ်။ ဆာလာက မြို့တော် ကိုင်ရိုနဲ့ ကာဘီယာပြည်နယ်ထဲမှာ ရှိတဲ့ နာဂရစ်ဆိုတဲ့ ရွာလေးကိုလှူဒါန်းဖို့ တိုက်တွန်းလိုက်တာကြောင့် အီဂျစ်ပြည်သူတွေက ဆာလာအပေါ် ချစ်ပြီးရင်း ပိုချစ်လာရ



သလို တစ်ကမ္ဘာလုံးမှာရှိတဲ့ လီဗာပူးပရိသတ်တွေကလည်း ဂုဏ်ယူနေလေရဲ့။

ဆာလာက ပြီးခဲ့တဲ့ နွေစျေးကွက်အတွင်း ရိုးမားကနေ လီဗာပူးကို ပေါင် သန်း ၄၀ နီးပါး ဝန်းကျင်နဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြောင်းရွှေ့ကြေးထက် များစွာသောတန်တဲ့ စွမ်းဆောင်ရည်တွေ ပြသထားနိုင်သူဖြစ်ပါတယ်။ သူဟာ ဩဂုတ်လအတွက် ကလပ်အသင်းက ရွေးချယ်တဲ့ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သူဖြစ်သလို ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်ပွဲစဉ်တွေမရွေး ခြေစွာနေသူဖြစ်ပါတယ်။

## အောင်မြင်မှုရဲ့သားကောင်တစ်ဖြစ်လဲ

မန်ယူနည်းပြ မော်ရင်ဟိုက သူဟာ တကယ်တော့ သူ့အောင်မြင်မှုတွေရဲ့ သားကောင်းပြန်ဖြစ်နေရတဲ့သူဖြစ်ပြီး သူဘာပဲလှုပ်ရှားလှုပ်ရှား နည်းနည်းမှားတာနဲ့ အားလုံးရဲ့ လက်ညှိုးတွေ သူ့အပေါ် စုပြုံကျရောက်ခံနေသူလို့ ခံစားချက်ကို ဖွင့်ဟလိုက်ပါတယ်။ အသင်းမှာ ဒဏ်ရာပြဿနာတွေ များလာပြီးနောက် မော်ရင်ဟိုက ခံစစ်ဦးစားပေး ဗျူဟာကို ပုံဖော်ခဲ့ရာမှာ လီဗာပူးနဲ့ ပွဲစဉ်နောက်ပိုင်းကစလို့ ဝေဖန်မှုတွေ ပလူပျံလာတာဖြစ်ပါတယ်။ အဲဒီနောက်ကစားတဲ့ပွဲမှာလည်း ဟက်ဒါဖီးလ်လို တန်းတက်အသင်းကို ထပ်ပြီးရှုံးနိမ့်ခဲ့တာကြောင့် ဝေဖန်မှုတွေကို ပိုပြီး ဖောင်းပွလာအောင် တွန်းအားပေးသလိုဖြစ်လာရတာဖြစ်ပါတယ်။

မော်ရင်ဟိုက "ဒါက ကျွန်တော့အမှားပါ။ လူတွေက ကျွန်တော်ကိုင်တွယ်တဲ့အသင်းဆို ရလဒ်တွေကောင်းနေရမယ်။ ဆုဖလားတွေ ရရှိရလိမ့်မယ်လို့ တွေးမိနေတတ်ပါပြီ။ ကျွန်တော်တို့ရှုံးမယ်၊ ရလဒ်တွေ နည်းနည်း ယိမ်းသွားမယ်ဆို ဝေဖန်မှုတွေ ပိုခံရတော့မယ်ဆိုတာလည်း ကျွန်တော် တွေးထားပြီးသားပါ" လို့ မော်ရင်ဟိုက တုံ့ပြန်လိုက်တာဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ ယူနိုက်တက်အသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ခဲ့ ၁၃ ပွဲမှာ ၁၀ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံး ရလဒ် ထွက်ပေါ်ထားသလို ပေးဂိုးမယ့်ပွဲများစွာလည်းရှိခဲ့ပါတယ်။ ဒါကြောင့်လည်း မော်ရင်ဟိုက အခြားသူတွေအပေါ် သတ်မှတ်တဲ့ စံနဲ့ သူ့အပေါ် သတ်မှတ်တဲ့ စံကကွဲလွဲနေပြီးသူဟာ တစ်ခါတစ်ရံ သူ့အောင်မြင်မှုတွေရဲ့ သားကောင်း ပြန်ဖြစ်နေရတယ်လို့ ဆိုပါတယ်။

သူက အသင်းတစ်သင်းက နောက်တန်းကို ဖွင့်ကစားရင် ကစားပုံလှပေမယ့် ရဂိုးလည်း မြင့်မား၊ ပေးဂိုးလည်း မြင့်မားနိုင်တာကြောင့် အသင်း ဟန်ချက်ညီရေးအတွက် သူကတော့ တစ်ခါတစ်ရံ တိုက်စစ်ဖွင့်သင့်ရင် ဖွင့်၊ ခံစစ်ဦးစားပေးသင့်ရင် ဦးစားပေးမှာပဲလို့ သူ့ရဲ့ ဘောလုံး ဒဿနကို ဖွင့်ချပါတယ်။ မော်ရင်ဟိုရဲ့ မန်ယူဟာ နှစ်ပွဲအတွင်း ရမှတ်ငါးမှတ်အထိ ဆုံးရှုံးခဲ့တာကြောင့် လာမယ့် ရက်သတ္တပတ်မှာ ယှဉ်ပြိုင်မယ့် စပါးနဲ့ပွဲဟာ ပိုပြီး အသက်ဝင်လာမယ့် သဘောရှိပါတယ်။ လောလောဆယ်မှာတော့ နောက်တန်းက ဘိုင်လီ ပေါင်ခြံဒဏ်ရာကြောင့် အနားယူနေရပေမယ့် စပါးနဲ့ ပွဲမှာ ပြန်လည်ပါဝင်လာမှာဖြစ်ပါတယ်။ တံကောက်ကြော ဒဏ်ရာရှိနေတဲ့ ပေါ့ဘာကတော့ အချိန်ဘယ်၍ဘယ်မျှ အနားယူမယ်ဆိုတာ အဖြေထုတ်ဖို့ ခက်ပေမယ့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ကတော့ ၂၀၁၈ ခုနှစ် မကူးမီမှာပဲ ပြန်လည်ကစားနိုင်တော့မှာဖြစ်တယ်လို့ သိရပါတယ်။

မန်ယူဟာ ဒီနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်မှာသာမက ချန်ပီယံလိဂ်မှာလည်းပဲ ရလဒ်တွေ ကောင်းမွန်နေတာကိုတော့ တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် မော်ရင်ဟိုရဲ့ ဒုတိယရာသီမှာ မန်ယူအသင်း ဘယ်လို အောင်မြင်မှုတွေ သိမ်းပိုက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းသလိုအောင်မြင်တဲ့သူတိုင်း ခံစားကြရတဲ့ အောင်မြင်မှုရဲ့ သားကောင်ပြန်ဖြစ်နေရတဲ့ မော်ရင်ဟိုကိုလည်း စာနာမိပါတယ်။



## ချန်ပီယံလိဂ်ဖလားရချင်တဲ့ အသင်းအတွက် လိုသာမာသီးယက်စ်ရဲ့အကြံပြုချက်

ဂျာမနီဂန္ထဝင် ကစားသမားကြီး လိုသာမာသီးယက်စ်က ဒီနှစ် ဘောလုံးရာသီ မစမီကတည်းက ပရီမီယာလိဂ်အသင်းတွေ အင်အားတောင့်လာပြီဖြစ်ပြီး ကျန်အသင်းတွေအနေနဲ့ ဒီအချက်ကို သတိထားရတော့မယ်လို့ စကားဦးသန်းခဲ့ပြီးသားဖြစ်ပါတယ်။ မာသီယက်စ်က ယခုနှစ် ချန်ပီယံလိဂ် ပြိုင်ပွဲမှာ ပရီမီယာလိဂ်အသင်း ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသလို အားလုံးကလည်း အုပ်စုကျော်ဖြတ်ရေး အကောင်းဆုံး အလားအလာကို ပိုင်ဆိုင်ထားကြတာက သူ့မှန်းဆချက် အတိုင်းပါပဲလို့ ဆိုပါတယ်။ မာသီးယက်စ်က ဒီအသင်းငါးသင်းကို တစ်သင်းချင်းစီအလိုက် သုံးသပ်ပြရာမှာလည်း သူ့ရဲ့ ဒီအသင်းတွေအပေါ် သဘောကျနှစ်ခြိုက်မှုကို ပေါ်လွင်ခဲ့တာကို တွေ့ရပါတယ်။

သူ့ရဲ့ အသင်းတစ်သင်းစီအပေါ် သုံးသပ်ပြမှုကို စာဖတ်သူတွေသိနိုင်ဖို့ ပြန်လည်မျှဝေလိုက်ပါတယ်။

**စပါး**

စပါးကတော့ ကျွန်တော့်အတွက်တော့ ဒီရက်သတ္တပတ်ရဲ့ အကောင်းဆုံးအသင်းပါ။ သူတို့အသင်း ရီးယဲလ်ကို ဘယ်လိုရင်ဆိုင်ခဲ့သလဲဆိုတာ အားလုံးမြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်။ သူတို့အသင်း ကစားပုံကောင်းနေတာတောင် ကျွန်တော်က သူတို့ ရှုံးသွားဦးမယ်လို့ မျှော်လင့်ခဲ့ပါသေးတယ်။ ဒါပေမယ့် ရလဒ်ပိုင်းကို သူတို့အသင်းကတောင် ဦးဆောင်ခဲ့သေးသလို အနိုင်ရနိုင်မယ့် အခြေအနေတောင်ရှိခဲ့တာပါ။ ဒါမျိုး ဘာနေဗျူးကွင်းမှာ လုပ်ပြနိုင်တဲ့ အသင်းဆိုတာ မရှိသလောက်ရှားပေမယ့် ပိုချက်တီနိုကတော့ သေသေသပ်သပ် လုပ်ပြသွားနိုင်ခဲ့ပါတယ်။

**လီဗာပူး**

ဒီလို ပြိုင်ပွဲတွေမှာ အသင်းတစ်သင်းကို အဝေးကွင်းမှာ ခုနစ်ဂိုးပြတ်နဲ့ အနိုင်ကစားဖို့ဆိုတာ လုပ်ဆောင်ပြနိုင်ဖို့ အတော်ခက်တာပါ။ သူတို့နိုင်မယ်ဆိုတာ မျှော်လင့်ပြီးဖြစ်တာတောင် ဒီလောက်ကြီး ဂိုးပြတ်နိုင်လိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ။ နှစ်ပွဲဆက် သရေရလဒ်ထွက်ပေါ်ပြီးနောက်မှာ ဒီလို ကြီးမားတဲ့ အောင်ပွဲ ရသွားခဲ့တာဖြစ်ပါတယ်။ လက်ကျန် အုပ်စုပွဲတွေမှာ မော်စကိုနဲ့ မာရီဘောကို သူတို့ အိမ်ကွင်းမှာ အနိုင်ကစားပြီး နောက်တစ်ဆင့် တက်ရောက်နိုင်မယ်လို့ ထင်ပါတယ်။

**မန်စီးတီး**

ကျွန်တော်ကတော့ ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပရီမီယာလိဂ်အသင်း တစ်သင်း ဗိုလ်စွဲမယ်ဆို ဒါကမန်စီးတီးပါလို့ ရွေးပေးပါရစေ။ သူတို့အသင်းမှာ လုံလောက်တဲ့ တိုက်စစ်အင်အား ကောင်းကောင်းရှိသလို ခံစစ်ပိုင်းကလည်း ဒီနှစ် အများကြီး တိုးတက်လာတယ်။ ကျွန်တော့်အမြင်အရ မန်စီးတီးကနောက်တစ်ဆင့်ကို တက်ရောက်ပြီး သွားပါပြီ။

**ချယ်လ်ဆီး**

ရိုးမားနဲ့ အက်လက်တီကိုတို့ ပါဝင်နေတဲ့ အုပ်စုမှာတောင် သူတို့အသင်း အမှတ်ပေးဇယားထိပ်ကို ဦးဆောင်ထားနိုင်တာကတော့ အတော့်ကို တိုးတက်လာတဲ့ လက္ခဏာပါ။ သူတို့ကို ရိုးမား တိုက်စစ်မှူး ဇက်ကို ကောင်းကောင်းကျော်ဖြတ်ပြနိုင်တာကြောင့် ဒီအတွက် ကွန်တီကတော့ ပျော်ရွှင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် အုပ်စုတွင်း ပြိုင်ဘက် အက်သလက်က ကာရာဘတ်ကို ဂိုးမရှိ သရေကျသွားတာကြောင့် ချယ်လ်ဆီး ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ပါပြီ။

**မန်ယူ**

သူတို့က လစ္စဘွန်းကို အနိုင်ရခဲ့ပေမယ့် ကစားပုံတော့ သိပ်မကောင်းခဲ့ပါဘူး။ ဒါပေမယ့် သုံးပွဲကစား ပွဲတိုင်းနိုင်ထားတော့ ရှုံးထွက်အဆင့်ကို တက်သွားပြီလို့ ပြောနိုင်ပါတယ်။

မာသီးယက်စ်က အင်္ဂလန်အသင်းတွေ တောင့်တင်းတယ်လို့သာ ဆိုလိုတာဖြစ်ပြီး အကောင်းဆုံးတော့ မဖြစ်သေးကြောင်း ဆိုခဲ့ပေမယ့် ချန်ပီယံလိဂ်မှာ ဗိုလ်စွဲလိုတဲ့ အသင်းကတော့ ပရီမီယာလိဂ်အသင်းတွေကို အနိုင်ကစားရမယ်လို့ ဆိုပါတယ်။

မေလှဲ့သင်း



# Revolutionary Love ဇာတ်လမ်းတွဲမှ ချာစီဝမ် နှုတ်ထွက်ပေးဖို့ ပရိသတ်အချို့တောင်းဆို



တောင်ကိုရီးယားရဲ့ နာမည်ကျော်ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့အပြင် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ မင်းသား ချာစီဝမ်ဟာ လတ်တလောမှာတော့ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားချိန်မှာ သူ့ရဲ့ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Revolutionary Love" ကိုလည်း ထုတ်လွှင့်ပြသနေချိန်နဲ့ တိုက်ဆိုင်နေရာ ယင်းဇာတ်လမ်းတွဲမှ ချာစီဝမ် နုတ်ထွက်ပေးဖို့ ပရိသတ်အချို့က တောင်းဆိုမှုတွေပြုခဲ့ကြကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ထွက်ပေါ်လာခဲ့တဲ့ သတင်းတွေအရ ချာစီဝမ်ရဲ့ အိမ်မှာမွေးထားတဲ့ ခွေးအကိုက်ခံခဲ့ရပြီးနောက် အိမ်နီးချင်းတစ်ဦးသေဆုံးခဲ့ကာ ဒီလိုအဖြစ်အပျက်တွေဖြစ်ပွားခဲ့ပြီးတဲ့နောက် လက်ရှိမှာ tvN ရုပ်သံလိုင်းကနေတစ်ဆင့် ထုတ်လွှင့်ပြသနေတဲ့ ချာစီဝမ်ရဲ့ရုပ်ရှင် "Revolutionary Love" မှ သူ့ကို နုတ်ထွက်ပေးဖို့ ပရိသတ်အချို့က အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ အချို့ကလည်း စီဝမ်နုတ်မထွက်ပါက ယင်းရုပ်ရှင်ထုတ်လွှင့်ပြသနေမှုကို ရပ်နားပေးဖို့ တောင်းဆိုခဲ့ကြပြီး ရုပ်ရှင်ရဲ့ပရိသတ်ကြည့်ရှုမှုနှုန်းဟာလည်း အတော်လေးကျဆင်းသွားခဲ့ကြောင်း သိရပါတယ်။

ချာစီဝမ်ရဲ့မိသားစုမွေးထားတဲ့ ပြင်သစ်ခွေးဘီလူးအမျိုးအစားခွေးဟာ အိမ်နီးနားချင်းတစ်ဦးကို ကိုက်မိခဲ့ပြီးနောက် လေးရက်အကြာမှာ ခွေးကိုက်ခံရသူဟာ သေဆုံးသွားခဲ့တာဖြစ်ပါတယ်။ ဒီလိုမိမိတို့ ခွေးကိုက်ခဲ့ပြီးတဲ့နောက် သေဆုံးသွားခဲ့ရသူအတွက် စိတ်မကောင်းဖြစ်ကာ မိသားစုဝင်တွေကို ချာစီဝမ်မိသားစုက ကိုယ်တိုင်ကိုယ်ကျရော၊ လူမှုကွန်ရက်မီဒီယာတွေပေါ်ကပါ တောင်းပန်စကားဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၁ ရက်မှာတော့ စီဝမ်ရဲ့ ညီမဖြစ်သူက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖခင်ဖြစ်သူရေးသားဖော်ပြထားတဲ့ တောင်းပန်စာကို တစ်ဆင့် ပြန်လည်မျှဝေဖော်ပြခဲ့ပြီး ယင်းစာမှာတော့ ချာစီဝမ်ရဲ့ ဖခင်ဖြစ်သူက "ကျွန်တော်တို့မိသားစုမွေးထားတဲ့ ခွေးအကိုက်ခံရပြီးတဲ့နောက် လူတစ်ယောက်သေဆုံးခဲ့တယ်ဆိုတဲ့သတင်းဟာ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အခန်းတံခါး အနည်းငယ်လေးဟနေတဲ့ အချိန်ခဏလေးအတွင်းမှာပဲ ဒီလိုဖြစ်သွားခဲ့တာပါ"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူကသေဆုံးသူဟာ အဆိပ်ပျံ့နှံ့ခဲ့တာရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေကြောင့် သေဆုံးခဲ့ရတာဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။ အဲဒီနောက် သူကသေဆုံးသွားခဲ့ရတဲ့ သူရဲ့မိသားစုဝင်တွေကို ချစ်ခင်ရတဲ့သူတစ်ဦးဆုံးရှုံးခဲ့ရတဲ့အပေါ် ဝမ်းနည်းစကားဆိုခဲ့ပြီး သူ့ရဲ့ခွေးကို ဒီလိုအဖြစ်မျိုးနောက်ထပ်တစ်ကြိမ်မဖြစ်ပွားစေဖို့ ပိုမိုတင်းကျပ်စွာ စောင့်ရှောက်သွားမှာဖြစ်ကြောင်းလည်း ကတိပေးခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ချာစီဝမ်ရဲ့ဖခင်ဖြစ်သူ ဖော်ပြချက်တွေဟာ မှန်ကန်မှုမရှိကြောင်းနဲ့ ခွေးကိုက်ခံခဲ့ရတဲ့ အဖြစ်အပျက်များပါဝင်နေတဲ့ စီစီတီဗီကို မီဒီယာအချို့က ထုတ်ဖော်ပြသခဲ့ပါတယ်။

ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ချာစီဝမ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ တောင်းပန်စကားတွေကို ရေးသားကာ ပြီးခဲ့တဲ့အောက်တိုဘာ ၂၁ ရက်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ယခင် ၂၀၁၅ ခုနှစ်အတွင်းကလည်း စီဝမ်နဲ့ တစ်ဖွဲ့တည်းဖြစ်တဲ့ "Super Junior" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီတက်ခ်က သူ့ကို စီဝမ်ရဲ့ခွေးကိုက်ခဲ့ကြောင်း အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြမှုတွေရှိခဲ့ပါတယ်။ ဒီလို ပြဿနာတွေကြောင့် ချာစီဝမ်အပေါ် ရိုက်ခတ်မှုတွေရှိခဲ့ပြီး လက်ရှိပါဝင်ရိုက်ကူးနေတဲ့ ဇာတ်လမ်းတွဲကနေ နုတ်ထွက်ပေးဖို့ တောင်းဆိုခံခဲ့ရတာလည်း ဖြစ်ပါတယ်။

## ယခုနှစ်အတွက် အကျော်ကြားဆုံး အနုပညာရှင်ဖြစ်လာတဲ့ တောင်ကိုရီးယား ကြယ်ပွင့်များ

တောင်ကိုရီးယားရဲ့ မကြာမီကျင်းပသွားမယ့် အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဆိုးလ်ဆုပေးပွဲအတွက် မဲပေးရွေးချယ်မှုတွေကို ပြုလုပ်ခဲ့ရာ လတ်တလောမှာတော့ အကျော်ကြားဆုံးသောအနုပညာရှင်အဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေကြသူတွေကို တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပါတယ်။ ယင်းဆုပေးပွဲကြီးမှာ ယခုနှစ်အတွက် အကျော်ကြားဆုံးသော အနုပညာရှင်တွေအဖြစ် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးကို ရွေးချယ်ကာ ဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒီလိုရွေးချယ်ခံခဲ့ရသူတွေကတော့ အမျိုးသားအနုပညာရှင်တွေအနက် ပ့ါခ်ဟွန်စစ်နဲ့ အင်စီဝမ်တို့ဖြစ်ကြပြီး အမျိုးသမီးအနုပညာရှင်တွေအနက် ယွန်နနဲ့ ကမ်ဆယ်ဂျွန်းတို့ကို ရွေးချယ်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်မှ ပထမဆုံးအကြိမ်ကျင်းပသွားမယ့် ဆိုးလ်ဆုပေးပွဲကြီးမှာ ဆုရရှိကြတဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေအတွက် ပရိသတ်တွေရဲ့ မဲပေးရွေးချယ်မှုတွေကို ပြီးခဲ့တဲ့ အောက်တိုဘာ ၁၁ ရက်မှစတင်ပြီး ၂၀ ရက်အထိပြုလုပ်ခဲ့ကာ လတ်တလောမှာတော့ မဲအများဆုံး ရရှိခဲ့ကြတဲ့ အနုပညာရှင်တွေကို ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ယခုနှစ်အတွက် အကျော်ကြားဆုံးသော အနုပညာရှင်တွေကို မဲပေးရွေးချယ်ခဲ့ကြပြီး မဲအများဆုံးရရှိထားတဲ့ အနုပညာရှင်နှစ်ဦးကို ရွေးချယ်ကာ ဆုချီးမြှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ယခုနှစ်အတွက် အကျော်ကြားဆုံးသော အမျိုးသားအနုပညာရှင်တွေကို မဲပေးရွေးချယ်ခဲ့ရာမှာတော့ မဲအများဆုံးရရှိခဲ့ကြတဲ့ အနုပညာရှင်သုံးဦးပေါ်ထွက်ခဲ့ကာ အဲဒီထဲကမှ ထိပ်ဆုံးမှာရပ်တည်နေတဲ့နှစ်ဦးကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ သူတို့တွေကတော့ "Strong Woman Do Bong Soon" ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသား ပ့ါခ်ဟွန်စစ်နဲ့ "The Merciless"ရဲ့ ဇာတ်ဆောင် အင်စီဝမ်တို့ဖြစ်ကြပြီး သူတို့နှစ်ဦးဟာ ထူးချွန်ဆုကို ပိုင်ဆိုင်ခွင့်ရရှိတော့မှာဖြစ်ပါတယ်။

အမျိုးသမီးအနုပညာရှင်တွေအနက်က မဲအများဆုံးရရှိခဲ့တဲ့သူနှစ်ဦးကတော့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယွန်နနဲ့ "School 2017"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကမ်ဆယ်ဂျွန်းတို့ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးထဲမှာတော့ ယွန်နက မဲပိုရရှိခဲ့ကာ နှစ်ဦးစလုံးကတော့ ဆိုးလ်ဆုပေးပွဲကြီးမှာ ထူးချွန်ဆုအပ်နှင်းခြင်းခံရမှာဖြစ်ပါတယ်။

ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်သွားမယ့် ဆိုးလ်ဆုပေးပွဲကိုတော့ လာမယ့်အောက်တိုဘာ ၂၇ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှလည်း တိုက်ရိုက်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ■



## Fifth Harmony ကို နောက်ထပ်အဖွဲ့ဝင်တစ်ဦး နှုတ်ဆက်တော့မှာလား




ဗြိတိန်ရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony"ဟာ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်ငါးဦး ပါဝင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုဟာ အဖွဲ့ကနေနုတ်ထွက်ပြီး တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုကမ်မီလာ နှုတ်ဆက်သွားပြီးတဲ့နောက် အဖွဲ့ဝင်လေးဦးနဲ့ ရှေ့ဆက်ခဲ့ကာ လတ်တလောမှာတော့ နောက်ထပ်အဖွဲ့ဝင်တစ်ဦး အဖွဲ့ကို နှုတ်ဆက်တော့မှာ ဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီတစ်ကြိမ် သတင်းတွေထွက်လာသူကတော့ နော်မနီကော်ဒေးဖြစ်ပြီး သူဟာလတ်တလောမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားဖို့အတွက် အေဂျင်စီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Dancing with the Star" ပြိုင်ပွဲကြီးရဲ့ (၂၄) ကြိမ်မြောက် ရာသီမှာ တတိယဆုရှင်ဖြစ်ခဲ့တဲ့ နော်မနီကော်ဒေးဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၁ ရက်မှာ ဖျော်ဖြေရေးအေဂျင်စီတစ်ခုဖြစ်တဲ့ အက်စ်တန်းဖျော်ဖြေရေးနဲ့ မီဒီယာနဲ့တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးသီချင်းသစ်တွေ ဖန်တီးထုတ်လုပ်သွားဖို့ စာချုပ်ချုပ်ဆိုလိုက်တာကြောင့် မကြာမီမှာ ကော်ဒေးကို တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ယခုလို တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အနုပညာလှုပ်ရှားမှုတွေ ပြုလုပ်ဖို့ရာခြေလှမ်းထားတဲ့အပေါ် ဟောလိဝုဒ်မီဒီယာက သူ့အနေနဲ့ ယခင်နုတ်ထွက်သွားခဲ့တဲ့ ကမ်မီလာလိုပဲ အဖွဲ့ကိုကျောခိုင်းသွားတော့မှာဖြစ်ကြောင်း ဝေဖန်ခဲ့တာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၀) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကော်ဒေးအနေနဲ့ တစ်ကိုယ်တော် တေးသံရှင်အဖြစ် လှုပ်ရှားသွားမယ့်အကြောင်းကိုတော့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘရန်ဒန်စေးလ်ဗားစတိန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ သူနဲ့ ကော်ဒေးတို့အတူ တွဲရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ဖော်ပြလာခဲ့တာဖြစ်ပါတယ်။

နော်မနီကော်ဒေး အတွက်တော့ အခြားသော အဖွဲ့ဝင်တွေမပါဘဲ တစ်ကိုယ်တည်းတေးသီချင်းတွေကို ဖန်တီးခဲ့တာ ယခုအကြိမ် ပထမဆုံးတော့ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း အကတေးဗီဒီယိုနှစ်ခုမှာ အခြားသော တေးသံရှင်တစ်ဦးနဲ့ တွဲဖက်ကာ ပါဝင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် အခြားသော နာမည်ကျော်တေးသံရှင် တစ်ဦးဖြစ်တဲ့ ဒရိတ်ခ်ရဲ့ တေးဗီဒီယိုတွေမှာလည်း ယခုနှစ်အတွင်း ပါဝင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် - ရေးသားသည်**

ကြေးမုံ

အောက်တိုဘာ ၂၅၊ ၂၀၁၇



# လွိုင်ကော်မြို့၌ မြေငှားဂရန်ပေးအပ်

**လွိုင်ကော် အောက်တိုဘာ ၂၄**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြေယာအရှုပ်အရှင်းကင်းပြီး မြေယာပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာ တင်ပြနိုင်သူတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပိုင်ဆိုင်မှု စိစစ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ လွိုင်ကော်မြို့နယ်တွင် ဩဂုတ် ၂၃ ရက်မှစတင်၍ ဂရန် လျှောက်ထားသူများအား ဂရန်များထုတ်ပေးလျက်ရှိသည်။

ဆက်လက်၍ အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြေငှားဂရန် လျှောက်ထားရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး မြေငှားဂရန်ရရှိရေး လျှောက်ထားတင်ပြထားသော လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်မှ ပြည်သူ ၅၂ ဦး၊ ဒေါ်နိုးကူးရပ်ကွက်မှ ပြည်သူ ၈၁ ဦး၊ ဒေါဥခူရပ်ကွက်မှ ပြည်သူ ၂၆ ဦး၊ ဓမ္မာရုံရပ်ကွက်မှ ပြည်သူ ခုနစ်ဦး၊ ရှမ်းစုရပ်ကွက်မှ ပြည်သူ ကိုးဦးနှင့် ရွှေတောင်ရပ်ကွက်မှ ပြည်သူ ငါးဦး စုစုပေါင်းမြေငှားဂရန်လျှောက်ထားသူ ၁၈၀ ထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် မြေငှားဂရန်များ ပေးအပ်ခဲ့သည်။

ယခု မြေငှားဂရန်များ ပြည်သူ ၁၈၀ အား ထုတ်ပေး၍ ယခင်က လွိုင်ကော်မြို့ ရပ်ကွက် (၈) ရပ်ကွက်မှ ပြည်သူ ၁၇၂ ဦးအား မြေငှားဂရန်ပေးအပ်ပြီးဖြစ်ရာ စုစုပေါင်း မြေငှားဂရန် လျှောက်ထားသူပြည်သူ ၃၅၂ ဦးအား မြေငှားဂရန်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်လို

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး စက်ရုံအလုပ်ရုံများ ကြီးကြပ်ရေးကော်မတီသို့ တက်နေဗရာဝတီဂရုကုမ္ပဏီလီမိတက်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေဧရိယာ ၄၁၄ ဒသမ ၆၅ ဧကအား ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မြေယာများအား အစိုးရသို့ လှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျစီမံဆောင်ရွက်ခဲ့ရသည့် သာဓကများရှိကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မြေယာအား အလွတ်မရှိ အကျိုးရှိအောင် အသုံးချလျက်ရှိကြောင်း၊ စက်မှုလက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းသည် အလုပ်လက်မဲ့ပြဿနာနှင့် မြေယာကျူးကျော်မှုပြဿနာများ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်အတူ ယခုလှူဒါန်းခဲ့သည့် နေရာတွင် စက်မှုဇုန်များနှင့် အဆင့်မြင့်အိမ်ရာများ ဖော်ဆောင်သွားမည်ဖြစ်ပြီး၍ မကြာမီ စည်ကားလာမည့်နေရာတစ်ခုဖြစ်ကြောင်းနှင့် ယခုလို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေလှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြေအလှူရှင် ဦးသန့်ဇင် (တက်နေဗရာဝတီဂရုကုမ္ပဏီလီမိတက်)က ပြည်သူ့အစိုးရ လက်ထက်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် အရှေ့-အနောက်-တောင်-မြောက် လမ်းဆုံတွင်တည်ရှိနေပြီး မကြာမီ စီးပွားရေးအရ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ကို ယုံကြည်မိပါကြောင်းနှင့် စက်မှုဇုန်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပတ်ဝန်းကျင်ဒေသများတွင် တန်ဖိုးနည်းအိမ်ရာများနှင့် CSR လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၈-ခ)၊ ကျွဲသတ်ကံကွင်းရှိ ဦးပိုင်အမှတ် (၄၃) ခုနှင့် ကွင်းအမှတ် (၆၅၉-ခ)၊ မယင်းတောင်ကွင်းရှိ ဦးပိုင်အမှတ် (၆) ခုတို့မှ မြေဧရိယာ ၃၈၀ ဒသမ ၅၅ ဧက၊ ကလိ(တပ်ကလေး) ကျေးရွာ၊ ကွင်းအမှတ်(၆၅၈)၊ တပ်ရွာအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁/၁)ရှိ မြေဧရိယာ ၁၅ ဒသမ ၉၀ ဧကနှင့် ရှမ်းရွာကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၈) (၆၅၈-က)၊ ဘန်ဇရစ်ကျောင်းကွင်းရှိ ဦးပိုင်အမှတ် (၇) ခုတို့မှ မြေဧရိယာ ၁၈ ဒသမ ၂၀ ဧက စုစုပေါင်း မြေဧရိယာ ၄၁၄ ဒသမ ၆၅ ဧကအား ပဲခူးတိုင်းဒေသကြီး စက်ရုံအလုပ်ရုံများ ကြီးကြပ်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါမြေလှူဒါန်းပွဲသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက်နေဗရာဝတီဂရုကုမ္ပဏီလီမိတက် မှ မန်နေးဂျင်း ဒါရိုက်တာ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြောက်နဝင်းဆည်ရေပိုလွှဲအနီး ရေများမြင့်တက်လာသော်လည်း ဒေသခံများစိုးရိမ်ရန် မလိုကြောင်း တာဝန်ရှိသူများပြောကြား

**ပြည် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆီဆုံကုန်းကျေးရွာအနီးရှိ မြောက်နဝင်းဆည်အတွင်း စီးဝင်သည့် အထက်ပိုင်းဒေသများတွင် မိုးများအဆက်မပြတ်ရွာသွန်းခဲ့၍ ရေပိုလွှဲအနီးသို့ ရေများတက် ရောက်လာသည့်အတွက် ဒေသခံများ စိုးရိမ်မှုများရှိနေရာ တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးခဲ့ပြီး စိုးရိမ်ရန်မလိုကြောင်း ပြောကြားသွားခဲ့သည်။

